# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဗြဟ္မဇာ**

နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန်ဟုတ်သည်မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၂ ခုနှစ်၊ တပို့တွဲလကွယ်နေ့ ၂၀၂၁ ခုနှစ်၊ မတ် ၁၂ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၁၆၃)


# ဘဏ်လုပ်ငန်းများ စည်းကမ်းနှင့်အညီ ပုံမှန်လည်ပတ်ရန်လိုအပ်ပြီး စည်းကမ်းလိုက်နာမှုမရှိသည့်ဘဏ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်လိုအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၃/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၃/၂၀၂၁) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊

စာမျက်နှာ ၃ ကော်လံ ၁ ❖

**“မိမိတို့တာဝန်ယူ ဆောင်ရွက်ခဲ့သည့်တစ်လကျော်ကာလအတွင်း တချို့လုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်မှုများရှိပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းကိစ္စရပ်များကိုလည်း ဖြစ်နိုင်သည့်လမ်းကြောင်းများမှ ဖြစ်အောင်ဆောင်ရွက်ရန်လို၊ မိမိတို့ စတင်တာဝန်ယူသည့်အချိန်မှစ၍ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် COVID-19 ကြောင့် ယိုင်နဲ့သွားသည့်စီးပွားရေးလုပ်ငန်းများ ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ရမည်ဟုပါရှိ၊ တိုင်းပြည်၏ အဓိကမောင်းနှင်အား သုံးခုတွင် စီးပွားရေးသည် ပို၍အဓိကကျ၊ ဦးတည်ချက် ၉ ရပ်တွင် ပါဝင်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို အဓိကလုပ်ရန်၊ ဈေးကွက်စီးပွားရေးကို ပီပီပြင်ပြင်ဖော်ဆောင်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်နှင့် အဆိုပါ အချက်များနှင့် ဆက်စပ်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်း SME များကိုလည်း အားပေးကူညီဆောင်ရွက်ရမည်ဖြစ်၊ ရောင်းကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရရှိအောင် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်”**

## ဗြိတိန်နှင့် အမေရိကန်တို့က ကာကွယ်ဆေးမျှဝေမှု မရှိဟု ဥရောပသမဂ္ဂ စွပ်စွဲပြောဆို

နိုင်ငံတကာရေးရာ စာ ၁၄

## ထူးခြားသည့် နေ့အပူချိန်များ

၁၁-၃-၂၀၂၁

| | | | | | |
|---|---|---|---|---|---|
| | | | အောင်လံမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် | ပြည်မြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် | သိမ်ဇရပ်မြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |

**မြန်မာ့အလင်း**

# အရာရာတွင် တရားဥပဒေနှင့်အညီ

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြဋ္ဌာန်းချက်များအား လေးစားလိုက်နာလျက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား ယာယီသမ္မတမှ လွှဲပြောင်းတာဝန်ပေးထားသည့် ယနေ့မှစ၍ စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တာဝန်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိသော တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်းတို့ကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁ ရက်နေ့ "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသည် မိမိတို့နိုင်ငံ၏ သမိုင်းတွင်အရေးကြီးသည့် အစည်းအဝေးတစ်ရပ်အဖြစ် အနာဂတ်ကာလတွင် မှတ်တမ်းဝင်သွားမှာလည်းဖြစ်သည်။ ယင်းနေ့မှစ၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်ကာလအခြေအနေတွင် ဖြတ်သန်းနေကြရခြင်းဖြစ်ပြီး လက်ရှိကာလ တာဝန်ယူထားသည့် အစိုးရသည် စုပေါင်းတိုင်ပင်ဆွေးနွေးပြီး တိုင်းပြည်အတွက်ကောင်းအောင် ဆောင်ရွက်မည်ဆိုသည့်မူဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေကြခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်၏ အာဏာရှင်ဆန်ဆန် တစ်သွေးတစ်သံတစ်မိန့်ဖြင့် အုပ်ချုပ်နေခြင်းမဟုတ်ပေ။ အစိုးရ၏ နိုင်ငံတော်တာဝန် ဆောင်ရွက်မှုများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကြားကာလ တာဝန်ယူဆောင်ရွက်နေသည့် အစိုးရတစ်ရပ်သာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖျက်သိမ်းကာ စစ်ဘက်မှ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေသည့်ပုံစံမျိုး လုံးဝမဟုတ်ခြင်းပင် ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ ဘေးကင်းလုံခြုံရေးအတွက် ဆူပူဆန္ဒပြမှုများ၊ အဓိကရုဏ်းဆန်ဆန် အုံကြွဆန့်ကျင်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကိုမူ လိုအပ်သလို ဖြေရှင်းမှု၊ နှိမ်နင်းမှုများ ပြုလုပ်ရာတွင် အဆင့်ဆင့်သော နည်းလမ်းများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆူပူမှုများလျော့နည်းပပျောက်သွားသည်နှင့်အမျှ မြို့ရွာရပ်ကွက်များ တည်ငြိမ်အေးချမ်းလာမည်သာဖြစ်သည်။

လက်ရှိအခြေအနေတွင် ဆူပူဆန္ဒပြမှုများ အချိန်ကြာမြင့်လာသည်နှင့်အမျှ ဥပဒေမဲ့လုပ်ရပ်များ၊ မင်းမဲ့စရိုက်ပုံစံများနှင့် ပြည်သူအချင်းချင်း အုပ်စုဖွဲ့ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်မှုများကို ကျူးလွန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ရပ်ရွာများအတွင်းရှိ စစ်မှုထမ်းဟောင်း၊ ရဲဝန်ထမ်းဟောင်းများအပါအဝင် အပြစ်မဲ့ပြည်သူအချို့အား သတင်းပေးသူများအဖြစ် စွပ်စွဲညှဉ်းပန်းနှိပ်စက်ခြင်း၊ Social Punishment ခေါင်းစဉ်တပ်ကာ ဥပဒေနှင့်လူ့အခွင့်အရေးချိုးဖောက်မှု၊ လူ့ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သည့် အပြုအမူများကို ဂိုဏ်းဖွဲ့လုပ်ဆောင်နေကြသည်။ အချို့ရပ်ရွာများတွင်လည်း ဆူပူဆန္ဒပြရာသို့ တစ်အိမ်တစ်ယောက်ပါဝင်ရန်၊ လမ်းပိတ်ဆို့မှုများကို တစ်အိမ်တစ်ယောက်ပြုလုပ်ကြရန်၊ ညကင်းစောင့်ရာတွင်လည်း တစ်အိမ်တစ်ယောက်ပါဝင်ရန် ဆင့်ဆိုခြင်းကို ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်နည်းများဖြင့် ပြုလုပ်နေကြကြောင်းလည်း သိရသည်။

ဒီမိုကရေစီကျင့်စဉ်များနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေသည့် ယင်းသို့သောလုပ်ရပ်များမှာ အောင်မြင်မှုရရှိနိုင်မည်မဟုတ်သကဲ့သို့ အများပြည်သူ၏ ဆန့်ကျင်မှုကိုလည်း ကြုံတွေ့ကြရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ယင်းသို့သော ဥပဒေမဲ့လုပ်ရပ်များကို ထိထိရောက်ရောက်နှိမ်နင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားပြီးဖြစ်ရာ ပြည်သူများ ပူးပေါင်းပါဝင်လာသည်နှင့်အမျှ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ လျင်လျင်မြန်မြန် အားကောင်းမောင်းသန် ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရ ပြည့်ဝရန်နှင့် ကျန်းမာကြံ့ခိုင်စေရန် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်လှူဒါန်း

**နေပြည်တော် မတ် ၁၁**

ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝစေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့် အာဟာရဖြည့်စွက်စာများကို တိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော်သားများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ဆေးရုံကြီးကို မတ် ၁၀ ရက်မှစ၍ ပုံမှန်ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

### ပြန်လည်တည့်မတ်အောင်ဆောင်ရွက်

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့စီမံခန့်ခွဲရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်မှာ တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ **မိမိတို့တာဝန်ယူ ဆောင်ရွက်ခဲ့သည့် တစ်လကျော်ကာလအတွင်း တချို့လုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်မှုများရှိပြီး ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းကိစ္စရပ်များကိုလည်း ဖြစ်နိုင်သည့်လမ်းကြောင်းများမှ ဖြစ်အောင်ဆောင်ရွက်ရန်**လိုကြောင်း၊ မိမိတို့ စတင်တာဝန်ယူသည့် အချိန်မှစ၍ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် COVID-19 ကြောင့် ယိုင်နဲ့သွားသည့်စီးပွားရေးလုပ်ငန်းများ ပြန်လည်တည့်မတ်အောင်ဆောင်ရွက်ရမည်ဟုပါရှိကြောင်း၊ **တိုင်းပြည်၏ အဓိကမောင်းနှင်အားသုံးခုတွင် စီးပွားရေးသည် ပို၍အဓိကကျ**ကြောင်း၊ ဦးတည်ချက် ၉ ရပ်တွင် ပါဝင်သည့် **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကလုပ်ရန်၊ ဈေးကွက်စီးပွားရေးကို ပီပီပြင်ပြင်ဖော်ဆောင်၍ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်နှင့် အဆိုပါအချက်များနှင့် ဆက်စပ်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်း SME များကိုလည်း အားပေးကူညီ ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ရောင်းကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရရှိအောင် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **ပြည်သူလူထု၏ စီးပွားရေးကောင်းမွန်လာပါက ဝယ်လိုအားများကောင်းမွန်လာပြီး ရောင်းလိုအားကောင်း၍ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာမည်ဖြစ်**ကြောင်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများ ရေတို/ ရေရှည်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်သွားကြရန်နှင့် အခြားဌာနများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ပေးဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံ၏ စီးပွားရေးကို အလျင်အမြန် အထောက်အကူပြုနိုင်သည့် ခရီးသွားလုပ်ငန်းအောင်မြင်ရေးအတွက် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် အောက်ခြေမှစ၍ နယ်ပယ်အားလုံးကို အကျိုးပြုသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

**“ကျန်းမာရေးဝန်ထမ်းများ၏ ကျင့်ဝတ်ဖြစ်သည့် ရန်သူမိတ်ဆွေ ခွဲခြားမှုမရှိဘဲ ဆေးကုသပေးရန်ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုက်နာစောင့်ထိန်းရန်လို၊ ဆရာဝန်များအတွက်လည်း ၎င်းတို့၏ ဂုဏ်ဒြပ်နှင့်ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၊ ထိုသို့ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှလည်း နည်းလမ်းများရှာဖွေ ဆောင်ရွက်ကြရန်လို၊ ဆရာဝန်များအနေဖြင့်လည်း မိမိတို့ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ရပ်တည်ဆောင်ရွက်သွားနိုင်ရန်လို၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်သဖြင့် ရေရှည်အတွက် ထည့်သွင်းစဉ်းစားရန်လို”**

### ဒီမိုကရေစီကျင့်စဉ်နှင့် အညီ ဆောင်ရွက်

ဝန်ကြီးဌာနများတွင် ဝန်ထမ်းများတာဝန်ထမ်းဆောင်မှု၊ လုပ်ငန်းများ ဆောင်ရွက်မှု နှင့် ပတ်သက်၍ မိမိတို့သည် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းကို သွားနေခြင်း ဖြစ်ကြောင်း၊ **ဒီမိုကရေစီစနစ်သည် ဝါဒမဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် အညီ ဆောင်ရွက်သွားရန်လိုအပ်**ကြောင်း၊ မိမိတို့ လက်အောက်ဝန်ထမ်းများကို နားလည်အောင် ရှင်းလင်းပြောကြားဆောင်ရွက်ပေးရန်လိုကြောင်း၊ **ဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးများနှင့်ပတ်သက်၍ လုပ်ငန်းကျွမ်းကျင်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိသူများကိုလည်း ထိုက်သင့်သည့်အဆင့်သို့ တိုးမြှင့်ပေးရန်ပြောကြားပြီးဖြစ်**ကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်ရန်အတွက် လက်တွေ့လုပ်ငန်းများတွင် သင်ကြားပေးခြင်းနှင့် သင်တန်းကျောင်းများတွင် သင်ကြားပေးခြင်းဖြင့် ဌာနအတွင်း အထက်အောက်ရှိသေလေးစားမှုများဖြစ်ပေါ်ပြီး စည်းလုံးညီညွတ်လာမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီစနစ်ကို သွားရာတွင် ပရမ်းပတာဆောင်ရွက်၍မရဘဲ စည်းကမ်းနှင့်သာ သွားရန်လို**ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဒီမိုကရေစီကျင့်စဉ်နှင့် အညီသာ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက ရခိုင်ပြည်နယ် မောင်တောခရိုင်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ဝန်ထမ်းများနှင့် နေ့စားများအား ဝန်ထမ်းလစာနှစ်ဆနှင့် နေ့တွက်စရိတ် တိုးမြှင့်ခံစားခွင့်ပြုရေး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံချုပ်ဆိုထားသည့် သဘောတူစာချုပ်၊ စာတမ်းများနှင့် နားလည်မှု စာချွန်လွှာဆိုင်ရာ ကိစ္စရပ်များ၊ အခွန်ကင်းလွတ်ခွင့်ပြုရေး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ရေးနှင့် ချီးမြှင့်ငွေပေးအပ်ခြင်းဆိုင်ရာများ၊ ကိုဗစ် အထူးချေးငွေထုတ်ချေးမှုနှင့် ပြန်လည်အပ်နှံခြင်း၊ နိုင်ငံပိုင်ရပ်ရှင်ရုံများကြီးကြပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လူမှုစီးပွားဖွံ့ဖြိုးရေး ရန်ပုံငွေထားရှိခြင်း၊ ခဲသတ္တုတူးဖော်ရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### နည်းလမ်းများရှာဖွေဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုကာလတွင် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်ချက်များရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် ဆေးရုံပေါင်း ၁၁၇၇ ခုရှိပြီး အချို့ဆေးရုံများပိတ်ထားသည်ကို တွေ့ရကြောင်း၊ **ကျန်းမာရေးဝန်ထမ်းများ၏ ကျင့်ဝတ်ဖြစ်သည့် ရန်သူ မိတ်ဆွေ ခွဲခြားမှုမရှိဘဲ ဆေးကုသပေးရန်ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုက်နာစောင့်ထိန်းရန်**လိုကြောင်း၊ **ဆရာဝန်များအတွက်လည်း ၎င်းတို့၏ ဂုဏ်ဒြပ်နှင့် ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ ထိုသို့ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှလည်း နည်းလမ်းများရှာဖွေ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆရာဝန်များအနေဖြင့်လည်း မိမိတို့ကျင့်ဝတ်သိက္ခာနှင့် အညီ နေထိုင်ရပ်တည်ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သဖြင့် ရေရှည်အတွက် ထည့်သွင်းစဉ်းစားရန်လိုကြောင်း။

### ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်

ဘဏ်လုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ်များသည် ငွေကြေးစီးဆင်းမှုအတွက် အဓိကဆောင်ရွက်နေသည့်လုပ်ငန်းဖြစ်ကြောင်း၊ **ဘဏ်လုပ်ငန်းများ စည်းကမ်းနှင့်အညီ ပုံမှန်လည်ပတ်ရန် လိုအပ်ပြီး စည်းကမ်းလိုက်နာမှုမရှိသည့် ဘဏ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် လိုအပ်**ကြောင်း၊ **ခေတ်စနစ်နှင့် လျော်ညီသည့် ဘဏ်စနစ်ဖြစ်စေရန်အတွက်လည်း ဆောင်ရွက်သွားရန် လို**ကြောင်း၊ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မှသာ ပြည်သူများ၏ ငွေကြေးနှင့် ပတ်သက်သော လုပ်ငန်းရပ်များ အဆင်ပြေစွာ ပြန်လည် လည်ပတ်နိုင်ကြမည်ဖြစ်ကြောင်း။

### ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်

ပညာသင်ကြားရေးနှင့် ပတ်သက်၍ တိုင်းပြည်တစ်ခုတွင် ပညာရေးမကောင်းပါက တိုးတက်မှုမရှိနိုင်ကြောင်း၊ ထို့ကြောင့် **ပညာရေးကို အဆင့်မြှင့်တင်ရန်လိုအပ်ပြီး ထိုသို့ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင်လည်း ကျောင်းသား ကျောင်းသူများ အစမ်းသပ်ခံ မဖြစ်စေရေးအတွက် ရှိပြီးသား အမျိုးသားမဟာဗျူဟာ စီမံကိန်းများ အပေါ်တွင်သာ အခြေခံပြီး ဆောင်ရွက်သွားရန်လို**ကြောင်း၊ ကျောင်းများပိတ်ထားခြင်းသည် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာကြောင်း၊ ထို့ကြောင့် ကျောင်းများစနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ ပညာရည်မြှင့်တင်ရေးအတွက် အခြားဝန်ကြီးဌာနများ အနေဖြင့်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**“ပညာသင်ကြားရေးနှင့် ပတ်သက်၍ တိုင်းပြည်တစ်ခုတွင် ပညာရေးမကောင်းပါက တိုးတက်မှုမရှိနိုင်၊ ထို့ကြောင့် ပညာရေးကို အဆင့်မြှင့်တင်ရန်လိုအပ်ပြီး ထိုသို့ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင်လည်း ကျောင်းသား ကျောင်းသူများ အစမ်းသပ်ခံမဖြစ်စေရေးအတွက် ရှိပြီးသား အမျိုးသားမဟာဗျူဟာစီမံကိန်းများအပေါ်တွင်သာ အခြေခံပြီး ဆောင်ရွက်သွားရန်လို၊ ကျောင်းများ ပိတ်ထားခြင်းသည် ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာ၊ ထို့ကြောင့် ကျောင်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိ”**

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့်**
**CRPH နှင့် CRPH ကဖွဲ့စည်းသည့်**
**အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်းမရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH) အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင်ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့်ဥပဒေနှင့် ဆန့်ကျင်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄- ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❄ *ကျောဖုံးမှ*

ရွေးကောက်ပွဲ ပြီးစီးသည့်နောက်ပိုင်းအခြေအနေများအားလည်းကောင်း၊ မဲပေးခွင့်ရှိသူ ၃၉ ဒသမ၂ သန်းကျော်အနက် ၁၀ ဒသမ ၄ သန်းအထိ ကြီးမားစွာ မဲစာရင်းမှားယွင်းခြင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ နစ်နာသူပြည်သူများနှင့် ပါတီများမှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံသို့ အဆိုပါမဲစာရင်းမှားယွင်းမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့မှု အခြေအနေများ၊ တောင်းဆိုချက်အပေါ် ဦးလှသိန်း ဦးဆောင်သည့် ပြည့်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ လျစ်လျူရှုမှု အခြေအနေများ၊ ဒုတိယအကြိမ် လွှတ်တော်အတွင်း မဲစာရင်းမှားယွင်းခြင်း ဖြစ်ပေါ်နေမှုကို ဆွေးနွေးနိုင်ရေး အထူးအစည်းအဝေး တောင်းဆိုမှုကိုလည်း ပြည်ထောင်စုလွှတ်တော်နာယကမှ ပယ်ချခဲ့မှု အခြေအနေများ၊ နောက်ဆုံးအဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၌ ရှင်းလင်းဆွေးနွေးခွင့်ပြုရန် ၂ ကြိမ်တိုင်တိုင် တောင်းဆိုမှုကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လုံးဝလက်မခံဘဲ ပယ်ချခဲ့သည့်အပြင် ကိုယ်ရေးစာဖြင့် မဲစာရင်းမှားယွင်းမှုများ စိစစ်ပေးရန်၊ စိစစ်ရာတွင် UEC အသစ်ဖွဲ့စည်း၍ ဆောင်ရွက်ပေးရန်၊ စိစစ်ဆဲကာလအတွင်း လွှတ်တော်အသစ်ခေါ်ယူမှု ဆိုင်းငံ့ပေးရန်၊ နိုင်ငံတော်သမ္မတမှ ယခုတင်ပြချက်အပေါ်အချိန်မီ ဖြေရှင်းပေးနိုင်ရေးတောင်းဆိုခဲ့မှုအပေါ်တွင်လည်း လက်မခံသည့် အခြေအနေများအပြင် မဲစာရင်း ၁၀ ဒသမ ၄ သန်းကျော် မှားယွင်းနေမှုအား သံသယ ကင်းရှင်းစေရေး ဆောင်ရွက်ပေးခြင်း မရှိဘဲ တတိယအကြိမ် လွှတ်တော်အသစ် အစည်းအဝေး ကျင်းပပြုလုပ်၍ နိုင်ငံတော်၏ အာဏာ (၃) ရပ်အား မတရားနည်းဖြင့် ရယူရန် ကြိုးပမ်းလာမှုတို့ကြောင့် တပ်မတော်က ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) ခုနှစ်ကို ဖျက်သိမ်းခြင်းမရှိဘဲ ပုဒ်မ-၄၁၇၊ ပုဒ်မ-၄၁၈ အရ အရေးပေါ်အခြေအနေ ကြေညာ၍ အာဏာ(၃)ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကာလသတ်မှတ်ချက်အတွင်း ရယူဆောင်ရွက်ရသည့် အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသည့် မင်းမဲ့စရိုက်ဆန်သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရုန်းရင်းဆန်ခတ်မှု လက်စွဲဥပဒေ (၁၉၅၆) ခုနှစ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင် (၂၀၁၅) ခုနှစ်ပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းအချို့ CDM တွင် နားယောင် ပါဝင်ခဲ့ခြင်းကြောင့် လူမှုစီးပွားဘဝ နစ်နာဆုံးရှုံးနေမှု အခြေအနေများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်စေရေးအပြင် ယခုကာလအတွင်း မိမိကိုယ်တိုင်နှင့် မိသားစုကြောင့် မိမိအဖွဲ့အစည်း၏ပုံရိပ်များ ပျက်ယွင်းကျဆင်းမှုမရှိစေရေး၊ လိုက်နာစောင့်ထိန်းရမည့် အခြေအနေများအား အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကလောတပ်နယ်နှင့် အောင်ပန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၀၃/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်)**

### ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဦးကိုကိုလွင် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| (၂) ဒေါက်တာအောင်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) ဦးမင်းမင်းဦး | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| (၄) ဦးသန့်စင် | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

**အမိန့်အရ**

**(ပုံ) အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး ပါတီနိုင်ငံရေးကင်းရှင်းသူများကိုသာ တာဝန်ပေး

ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ သက်တမ်းမှာလည်း ဥပဒေအရလဲလှယ်ရမည့် အချိန်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် လက်မခံသည့်လုပ်ရပ်မျိုးများ လုပ်ဆောင်နေကြသည်ကို တွေ့ရကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး အတတ်နိုင်ဆုံး ပါတီနိုင်ငံရေး ကင်းရှင်းသူများကိုသာ တာဝန်ပေးအပ်လိုကြောင်း၊ ပါတီနိုင်ငံရေး အရောင်အသွေးမကင်းသည့်အတွက် ယခုလိုလက်မခံသည့် ဖြစ်စဉ်မျိုးများ ဖြစ်ပွားလာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည်ရှိနိုင်ကြောင်း၊ ဒီမိုကရေစီ ရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက် ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းရန်လိုအပ်ကြောင်း၊ ယင်းအတွက် စိစစ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာသုံးစွဲ

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းတိုးတက်မှုအခြေအနေတို့နှင့် ပတ်သက်၍ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဒုတိယဝန်ကြီး ဦးမင်းထိန်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်မှ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ညွှန်ကြားရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်၍ တက်ရောက်ကြသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့် တာဝန်ခံများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များနှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့ကို ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ပါကြောင်း။

### နိုင်ငံတော်ယန္တရားတစ်ခုလုံး လည်ပတ်နိုင်ရန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စတင်တာဝန်ယူသည့် အချိန်ကစပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသည့်လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်း ကျရာကဏ္ဍမှ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူများသည် ခံယူချက်၊ ရပ်တည်ချက် ကွဲပြားသော်လည်း နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းကောင်းမွန်မွန် သက်ဝင်လှုပ်ရှားလည်ပတ်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေး ကုစားမှုအစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်သူ့အငှားအိမ်ရာစီမံကိန်း အိပ်ခန်းပေါင်း(၁)သောင်းကို ပထမ အဆင့်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် B.O.T လုပ်ငန်းဖြင့် ဆောင်ရွက်သည့် Toll Gate များအပါအဝင် လေလံ Gate ကိစ္စများတွင် ထိခိုက်မှုများ ရှိပါကြောင်း ၊ ထို့အတူ ကျန်ဦးစီးဌာနများ၏ Joint Venture လုပ်ငန်းများကိုလည်း ထိခိုက်မှုရှိသည့်အတွက် ကုစားဆောင်ရွက်သွားရန်လိုပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ရယူဆောင်ရွက်သည့် အဆောက်အဦ၊ လမ်း၊ တံတားများနှင့် ကျေးလက်လမ်း / တံတားအပါအဝင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီစွာဖြင့် ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသော ဥပဒေ ၊ နည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံ့ယန္တရားကြီးလည်ပတ်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ရန် လိုပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေမည့် နည်းပညာသုတေသနလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာသုံးစွဲရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်က ဝန်ကြီးဌာန၏ ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ယခုနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာနေထိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်ဦးက ဝန်ကြီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်လက်ရှိတာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ နှင့် CDMတွင်ပါဝင်သောဝန်ထမ်းများ၏ ခွင့်၊ လစာမဲ့ခွင့်များ တင်ပြထားရှိမှုနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်တို့က မိမိတို့ ဦးစီးဌာနအလိုက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှု၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းစီမံချက်များ ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေး

ဆက်လက်၍ တိုင်းဒေသကြီး ၊ ပြည်နယ်ညွှန်ကြားရေးမှူးများက မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဘဏ်များမှ ငွေထုတ်ယူရန် လတ်တလော တွေ့ကြုံရသော အခက်အခဲအပါအဝင် ဘဏ္ဍာရေးဆိုင်ရာအခက်အခဲ၊ အဓိကတည်ဆောက်ရေးပစ္စည်းများ ဥပမာ ဘိလပ်မြေနှင့် သံချောင်းဈေးနှုန်းများ မြင့်တက်၍ ပစ္စည်းပေးသွင်းမှု နှောင့်နှေးခြင်း၊ ရပ်တန့်နေခြင်းများ၊ သယ်ယူ ပို့ဆောင်ရေးခက်ခဲနေမှုများ၊ ဝန်ထမ်းရေးရာနှင့် ကျွမ်းကျင်လုပ်သားတချို့ လုပ်ငန်းခွင်လာရောက်ရန် အခက်အခဲတွေ့ရမှု စသည့်လုပ်ငန်းအခက်အခဲများနှင့်ပတ်သက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အချင်းချင်းမညီညွတ်တဲ့အခါ...

ကနောင်

အိန္ဒိယကနေ ဆင်းသက်လာတဲ့ ရှေးဟောင်း နီတိပုံပြင်လေးတွေဟာ လူ့လောက သဘာဝတွေကို ဖော်ညွှန်းပြီး နေနည်းထိုင်နည်းတွေကို လက်ဆင့်ကမ်းပေးပါတယ်။ အဲဒီအထဲမှာ စာရေးသူအကြိုက်ဆုံး ပုံပြင်တွေထဲက တစ်ပုဒ်ကတော့ ခြင်္သေ့နဲ့ တောဝက်ပုံပြင်ပဲ ဖြစ်ပါတယ်။ အင်အားကြီးမားပြီး သတ္တိနဲ့ပြည့်စုံတဲ့ ခြင်္သေ့နဲ့တောဝက်တို့ဟာ ရေအိုင်တစ်အိုင်မှာ ရေဆင်းသောက်ကြသတဲ့။ ရေသောက်ခါနီး တစ်ဦးနဲ့တစ်ဦး မည်သူက အင်အားကြီးမားတယ်ဆိုတာကို ပြိုင်ဆိုင်ပြောဆိုကြပါသတဲ့။ ဒီလို ငြင်းခုံနေတာကို ခပ်လှမ်းလှမ်း သစ်ပင်ကြီးတွေပေါ်မှာ စောင့်ဆိုင်းနေကြတဲ့ လင်းတတွေရှိသတဲ့။ အင်အားကြီးသူတွေဖြစ်တာကြောင့် သူတို့ မသင့်မမြတ်ဖြစ်ကြရင်း တိုက်ခိုက်ကြတဲ့အခါ သူသေ ကိုယ်သေတိုက်ကြခိုက်ကြမှာမို့ သေဆုံးတဲ့အခါ အဆင်သင့်စားသုံးနိုင်အောင် စောင့်နေကြသူတွေပေါ့။ ဒါကို ဆင်ခြင်သုံးသပ်မိတဲ့အခါ ခြင်္သေ့နဲ့ တောဝက်တို့က အတူတကွ အေးအေးချမ်းချမ်း ရေသောက်ပြီး သူတို့နေရာဒေသတွေကို ထွက်ခွာသွားကြပါတော့သတဲ့။

**“ပြီးခဲ့တဲ့ရက်က ထေရ်ကြီးဝါကြီးဆရာတော်တွေကို အွန်လိုင်းပေါ်မှာ အမျိုးမျိုးစော်ကား ပြုမူနေကြတာ၊ ဝေဖန်နေကြတာ ကြားတွေ့ရတယ်။ ဒါတင်မကသေးဘူး၊ ဆန္ဒပြတဲ့အခါ အမျိုးသမီးလုံချည်တွေကို ကြိုးတန်းပြုလုပ်ပြီး အပေါ်မှာ ဆရာတော်၊ သံဃာတော်ပုံတွေကို ကပ်ထားကြတဲ့ မြင်ကွင်းတွေဟာ လူသားမဆန်တဲ့လုပ်ရပ်၊ ယဉ်ကျေးမှုလုံးဝမရှိတော့တဲ့ လုပ်ရပ်တွေ၊ သာသနာတော်ညှိုးနွမ်းအောင် လုပ်ဆောင်နေတာတွေအဖြစ် ရှုမြင်ပါတယ်။ ဒါတွေကို သွေးထိုးမြှောက်ပင့်ပြီး လုပ်ဆောင်နေတဲ့သူတွေကိုလည်း ခွင့်မလွှတ်သင့်ပါဘူး။ ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးဖို့ လိုအပ်တယ်လို့ ထင်မြင်မိပါတယ်”**

### လောကဓမ္မတာ

လောကကြီးမှာ အင်အားကြီးသူတွေ အချင်းချင်း ပြိုင်ဆိုင်မှုပြင်းထန်လာတဲ့အခါ အသိဉာဏ်၊ ဆင်ခြင်တုံတရားနဲ့ မေတ္တာတရားအားကြီးသူတွေက အနိုင်ရတတ်ပါတယ်။ အဖြစ်အပျက် အကျိုးအကြောင်းကို မှန်မှန်ကန်ကန် မသုံးသပ်၊ မဝေဖန်၊ ဒုစရိုက်တရား အားထားသူတွေ၊ တရားဓမ္မနဲ့အညီ မနေထိုင်လိုသူတွေနဲ့ အမျက်စောင်းစောင်းထွက်နေတတ်သူတွေကို ဆရာတင်၊ အားထားနေကြမယ့် အဖွဲ့အစည်းတွေကတော့ အချိန်မတိုင်ခင် ပြိုလဲပျက်စီးရတတ်တာ လောကဓမ္မတာပါပဲ။

လက်ရှိ မိမိတို့နိုင်ငံရေး အခြေအနေမှာဆိုရင်လည်း တိုင်းပြည်ပျက်စီးတဲ့အခါ လက်ခမောင်းခတ်နိုင်ဖို့ အသင့်စောင့်ဆိုင်းနေတဲ့ လင်းတလို အန္တရာယ် အသွယ်သွယ်တွေကို မြင်နေ၊ တွေ့နေ၊ ကြားနေရပါတယ်။ တိုင်းပြည်မတည်ငြိမ်၊ တရားဥပဒေ စိုးမိုးမှုမရှိဘဲ ဒုစရိုက်တရားတွေ ပျံ့နှံ့တော့မှသာ နိုင်ငံတစ်ခုပျက်သုဉ်းအောင် သို့မဟုတ် မိမိတို့နိုင်ငံကို လိုသလို ခြယ်လှယ်လို့ရအောင် ရည်ရွယ်နေတဲ့ မြှောက်ထိုးပင့်ကော် လုပ်နေကြသူတွေ ရှိနေပါတယ်။

မိမိတို့နိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံ အချင်းချင်းမှာတောင် ထူးထူးခြားခြား ထေရဝါဒဗုဒ္ဓသာသနာတော်ကို ယုံကြည်သက်ဝင်ကိုးကွယ်ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဗုဒ္ဓဘာသာက နိုင်ငံတော်ဘာသာဖြစ်ပေမယ့် အခြားဘာသာဝင်တွေ အသီးသီးကိုလည်း နေရာပေး၊ လေးစားအသိအမှတ်ပြုပြီး ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်တဲ့ နိုင်ငံမျိုးလည်း ဖြစ်ပါတယ်။

နီးစပ်ရာ ဥပမာတစ်ခုကိုပြရရင် ထိုင်းနိုင်ငံမှာ အာဏာအပြောင်းအလဲ မကြာခဏ ဖြစ်တတ်လေ့ရှိပါတယ်။ ဆန္ဒပြပွဲတွေ၊ ထောက်ခံပွဲတွေဟာ မကြာခဏကြုံတွေ့နေရတာ ဖြစ်ပါတယ်။ အဓိကရုဏ်း နှိမ်နင်းဖြေရှင်းရတဲ့ အကြိမ်အရေအတွက်ဆိုရင်လည်း မရေတွက်နိုင်လောက်အောင် များပြားခဲ့ရတာပါ။ သို့သော် ဆန္ဒပြပွဲက သတ်သတ်၊ အလုပ်ဌာနတွေ၊ ဈေးဆိုင်တွေ၊ ရှော့ပင်းမောလ်ကြီးတွေ၊ သယ်ယူပို့ဆောင်ရေး ယန္တရားတွေစတဲ့ ပုံမှန်လည်ပတ်နေကျ လုပ်ငန်းတွေကလည်း သူ့ဟာသူ လည်ပတ်နေတာကို မြင်တွေ့ရပါတယ်။ ပုံမှန်အလုပ်လုပ်နေတဲ့သူတွေကိုလည်း ပုတ်ခတ်စော်ကားနေတာမျိုး မရှိဘဲ ကိုယ့်ယုံကြည်ချက်၊ ခံယူချက်အတိုင်း ဆောင်ရွက်နေကြတာကို မြင်တွေ့ရပါတယ်။ ဘာသာရေး စော်ကားထိပါးမှုမျိုးကိုလည်း ဘယ်နေရာမှာမှ မမြင်တွေ့ရပါဘူး။

### သွေးထိုးမြှောက်ပင့်

မိမိတို့နိုင်ငံမှာတော့ ပြီးခဲ့တဲ့ရက်က ထေရ်ကြီးဝါကြီးဆရာတော်တွေကို အွန်လိုင်းပေါ်မှာ အမျိုးမျိုးစော်ကားပြုမူနေကြတာ၊ ဝေဖန်နေကြတာ ကြားတွေ့ရတယ်။ ဒါတင်မကသေးဘူး၊ ဆန္ဒပြတဲ့အခါ အမျိုးသမီးလုံချည်တွေကို ကြိုးတန်းပြုလုပ်ပြီး အပေါ်မှာ ဆရာတော်၊ သံဃာတော်ပုံတွေကို ကပ်ထားကြတဲ့ မြင်ကွင်းတွေဟာ လူသားမဆန်တဲ့ လုပ်ရပ်၊ ယဉ်ကျေးမှုလုံးဝမရှိတော့တဲ့ လုပ်ရပ်တွေ၊ သာသနာတော်ညှိုးနွမ်းအောင် လုပ်ဆောင်နေတာတွေအဖြစ်ရှုမြင်ပါတယ်။ ဒါတွေကို သွေးထိုးမြှောက်ပင့်ပြီး လုပ်ဆောင်နေတဲ့သူတွေကိုလည်း ခွင့်မလွှတ်သင့်ပါဘူး။ ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးဖို့ လိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

### လူငယ်တွေကို သိစေချင်

တိုင်းပြည်အတွက် အရာအားလုံးကို စွန့်လွှတ်စွန့်စားရဲတဲ့ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့ဖူးပါတယ်။ **“လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာရှိတယ်။ ဒါပေမယ့် ကိုယ့်ရဲ့လွတ်လပ်ခွင့်က သူတစ်ပါးကို မထိခိုက်ရဘူး။ ထိခိုက်ရင် ဒီမိုကရေစီမဟုတ်တော့ဘူး။ ရမ်းကားတာဖြစ်သွားပြီ”** တဲ့။ ကိုယ်နဲ့မတူ ကိုယ့်ရန်သူစိတ်ထားပြီး တိုက်ခိုက်နေတဲ့အခါ ဒီမိုကရေစီကနေ နောက်ပြန်ဆွဲ ကွန်မြူနစ်ဝါဒကိုရောက်မှန်းမသိ ရောက်နေကြရပြီဆိုတာ လူငယ်တွေကို သိစေချင်မိပါတယ်။

ရိုးရိုးသားသား ကျောင်းနေအရွယ် ဆယ်ကျော်သက်ကလေးတွေ၊ အညွန့်တလူလူနဲ့ အသက် ၂၀ ကျော်ကလေးတွေကို အတွေးအခေါ်အမှားတွေ ရိုက်သွင်း၊ လမ်းမပေါ်ထွက် အသေခံခိုင်းပြီး ဆောက်တည်ရာမရတဲ့အချိန် တစ်ဖက်နိုင်ငံတွေမှာ ကယ်ဆယ်ရေးစခန်းတွေဖွင့်ပြီး ကမ္ဘာပတ်အလှူရှင်ရှာပြီး ခေါင်းဆောင်တွေက ကောင်းစား၊ လူငယ်တွေကိုတော့ ဒုက္ခတွင်းနက်ထဲကို ဆွဲထည့်ကြမယ့်အရေးကိုလည်း အမြန်ဆုံးရပ်တန့်က ရပ်သင့်ပါပြီ။

ဒီနေ့မှာ ဆူပူဆန္ဒပြသူတွေကို ဦးဆောင်သူတွေ၊ ဝန်ထမ်းတွေကို အတင်းအကျပ် ဖြားယောင်းသွေးဆောင်ပြီး CDM လှုပ်ရှားမှုတွေဖြစ်လာအောင် ဦးဆောင်ကြသူတွေ၊ အလှူငွေတွေလက်ခံပြီး ထောက်ပံ့ပေးနေကြသူတွေကိုလည်း ဖမ်းဆီးအရေးယူတာတွေ စတင်လုပ်ဆောင်နေပြီဆိုတာ အားလုံးသိကြမှာဖြစ်တဲ့အတွက် လူငယ်တွေ အချိန်မီ မိဘရင်ခွင်ကို ပြန်ကြဖို့လိုပါပြီ။ ရှောင်ရင်းတိမ်းရင်း အသက်စွန့်ကြမယ့်အစား မိမိဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် အသိပညာ၊ အတတ်ပညာတွေ ပိုမိုဖြည့်ဆည်းရင်း နိုင်ငံရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးကြဖို့ လိုအပ်နေပြီဆိုတာ လူငယ်အပေါင်းကိုလည်း မေတ္တာရပ်ခံလိုပါတယ်။

### သတိချပ်ဖို့လို

CDM လုပ်နေကြတဲ့ မိတ်ဆွေအချို့ ကသောင်းကနင်းနဲ့ လူစုခွဲပြီး ပုန်းအောင်းနေကြရတယ်လို့ သတင်းကြားမိတယ်။ ဆောရီးလို့ လှိုက်လှိုက်လှဲလှဲ ပြောပေးရုံကလွဲပြီး စာရေးသူတို့ ဘာမှမတတ်နိုင်ပါဘူး။ အချိန်မလွန်ခင် နောက်ထပ်နောင်တမရဖို့ မှားယွင်းတဲ့လုပ်ရပ်တွေ မလုပ်မိစေဖို့ အသိတရားနဲ့ထိန်းချုပ် စိစစ်ဝေဖန်သင့်ပါပြီ။ လူတိုင်းဟာ မှားတတ်ပါတယ်။ မှားမှန်းသိရင် ချက်ချင်းပြင်ဆင်ရမှာပါ။ မှားမှန်းသိသိနဲ့ ဆက်မှားနေမယ်ဆိုရင် လူမိုက်၊ မှားမှန်းသိသိနဲ့ ဆက်မှားဖို့ပဲ ကြိုးစားနေဦးမယ်ဆိုရင် လူယုတ်မာအဆင့် ရောက်ရှိနိုင်တယ်လို့ ဆရာတော်ကြီးတွေ ဆုံးမလေ့ရှိကြတာကိုလည်း သတိချပ်ဖို့ လိုပါတယ်။

### အားလုံး ပူးပေါင်းပါဝင်

နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်လို့မရပါဘူး။ လက်ရှိ Political Equation မှာ ဘယ်သူက Dictate (အမိကလုပ်ဆောင်ပေးနိုင်သူ) လုပ်နေသလဲဆိုတာထက် အမှန်တရား၊ အရှိတရားကို နားလည်လက်ခံဖို့ လိုပါတယ်။ နိုင်ငံရေးဆိုတာ ကိုယ်လုပ်ချင်တာ လုပ်လို့မရပါဘူး။ ပကတိ အရှိတရားအပေါ်မှာ ပြည်သူတစ်ယောက်မှ မထိခိုက်အောင် ဒါမှမဟုတ် အနည်းဆုံးသော ထိခိုက်မှုမျိုးနဲ့ ပြည်သူအားလုံး လိုလားတောင့်တမှုကို ဖြည့်ဆည်းပေးနိုင်တာကသာ နိုင်ငံရေးအရည်အချင်း၊ နိုင်ငံရေးအမြင်ရှိတဲ့သူလို့ စာရေးသူကတော့ သတ်မှတ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းဖြောင့်တန်းဖို့ရာ အားလုံးပူးပေါင်းပါဝင်ပြီး ညီညီညွတ်ညွတ်နဲ့ ရှေ့ဆက်နိုင်မှသာ ခြင်္သေ့နဲ့တောဝက်ပုံပြင်ထဲကလို လင်းတလို ပုဂ္ဂိုလ်တွေရဲ့ရန်ကနေ ကင်းဝေးပြီး လိုရာခရီးကို ရောက်ရှိနိုင်ပါလိမ့်မယ်လို့ တိုက်တွန်းလိုပါကြောင်း။ ။

**“ဒီနေ့မှာ ဆူပူဆန္ဒပြသူတွေကို ဦးဆောင်သူတွေ၊ ဝန်ထမ်းတွေကို အတင်းအကျပ် ဖြားယောင်းသွေးဆောင်ပြီး CDM လှုပ်ရှားမှုတွေ ဖြစ်လာအောင် ဦးဆောင်ကြသူတွေ၊ အလှူငွေတွေလက်ခံပြီး ထောက်ပံ့ပေးနေကြသူတွေကိုလည်း ဖမ်းဆီးအရေးယူတာတွေ စတင်လုပ်ဆောင်နေပြီဆိုတာ အားလုံးသိကြမှာဖြစ်တဲ့အတွက် လူငယ်တွေ အချိန်မီ မိဘရင်ခွင်ကို ပြန်ကြဖို့လိုပါပြီ။ ရှောင်ရင်းတိမ်းရင်း အသက်စွန့်ကြမယ့်အစား မိမိဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် အသိပညာ၊ အတတ်ပညာတွေ ပိုမိုဖြည့်ဆည်းရင်း နိုင်ငံရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးကြဖို့ လိုအပ်နေပြီဆိုတာ လူငယ်အပေါင်းကိုလည်း မေတ္တာရပ်ခံလိုပါတယ်”**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဘဏ္ဍာနှစ်အတွင်း သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို သတ်မှတ်ထားသော ဘတ်ဂျက်ဘောင်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။ (ယာပုံ)




ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်သော ဒေါ်တင်မိုးမိုးနှင့် ဦးဝင်းမြင့်၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

**စနစ်တကျအကောင်အထည်ဖော်**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနသည် ဌာနတစ်ခုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသော ဌာနဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းများကို စည်းကမ်းထိန်းသိမ်းခြင်း၊ ဌာနနှင့်ဝန်ထမ်းများ၏ လိုအပ်ချက်များကို သတ်မှတ်ထားသော ဘဏ္ဍာရေး အရ/ အသုံးဆိုင်ရာ စည်းမျဉ်းဘောင်အတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရေးအတွက် သင်တန်းများဆောင်ရွက်ပေးခြင်း၊ IT နည်းပညာများတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနေသောဌာနဖြစ်၍ အရေးကြီးကြောင်း၊ ဘဏ္ဍာနှစ်အတွင်း သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို သတ်မှတ်ထားသော ဘတ်ဂျက်ဘောင်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ကြောင်း။

**ဝန်ထမ်းများ သိရှိလိုက်နာ**

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအားလုံးကို ဝန်ထမ်းများ သိရှိလိုက်နာရန် လိုအပ်ပါကြောင်း၊ မိမိအားပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါကြောင်း၊ ယခုကာလတွင် သတင်းအချက်အလက်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ နည်းပညာများ လုံခြုံမှုရှိရေးသည် အရေးကြီးပါကြောင်း၊ ဆိုက်ဘာလုံခြုံရေး (Cyber Security)ကို အလေးထား ဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးကို အဓိကထားဆောင်ရွက်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဌာန၏လုပ်ငန်းတာဝန်များကို ခြုံငုံရှင်းလင်းပြီး တက်ရောက်လာသော ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာဌာနစိတ်တစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြရာ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဌာနများ၏ လိုအပ်ချက်များအပေါ် ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများ၊ သတင်းအချက်အလက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် E-Government ၊ SWIFT စနစ်များနှင့် CBM-NET System များကို ဆောင်ရွက်နေမှုအခြေအနေများ၊ ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအောက်၌ ကမ္ဘာ့ဘဏ် ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ Training Center အား ဆောက်လုပ်ပြီးစီးမှု၊ ငွေကြေး စီမံခန့်ခွဲမှုနှင့် စာရင်းရေးသွင်းမှုများအတွက် အဆင့်မြှင့်တင်ဆောင်ရွက်မှု၊ MIS Reporting System နှင့် SWIFT Reporting Service လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ သတင်းနှင့် လုံခြုံရေးဌာန၏ ဆောင်ရွက်မှုများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

**ထပ်မံဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများက ထပ်မံဖြည့်စွက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်

ရန်ကုန်မြို့၊ ဝါးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အသေးစားနှင့် အလတ်စား စက်မှုလက်မှု လုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် Small and Medium Enterprise Development Bank (SMEDB) တွင် Open Society Myanmar အမည်ဖြင့် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားရှိပါသည်။ အဆိုပါ ငွေစာရင်းသို့ ပြည်ပမှ လွှဲပို့လာသည့် အမေရိကန်ဒေါ်လာ (၅)သန်းအနက် (၁.၄)သန်းကို မြန်မာကျပ်ငွေ ( ၁,၉၉၉,၉၀၀,၀၀၀) ကျပ်အဖြစ် လဲလှယ်၍ ၈-၂-၂၀၂၁ ရက်နေ့တွင် Open Society Myanmar မှ ဘဏ္ဍာရေးမန်နေဂျာ ဒေါ်ဖြူပပသော်က ထုတ်ယူခဲ့ပါသည်။ ထိုသို့ နိုင်ငံခြားငွေ ဝင်ရောက်လာမှုနှင့် ငွေထုတ်ယူမှုများနှင့်ပတ်သက်၍ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်က ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် တာဝန်ရှိသူများအပေါ် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

*✻ကျောဖုံးမှ*

ကူးပြောင်းလာသည့် အခြေအနေများ၊ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လမ်းပန်းဆက်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် ရုံးလုပ်ငန်းများရပ်တန့်စေရေး CDM လုပ်ဆောင်လာမှုနှင့် CDM တွင် ပါဝင်လာစေရန် ခြိမ်းခြောက်လှုံ့ဆော်လာသည့် အခြေအနေများ၊ တရားမဝင်သည့် CRPH အဖွဲ့ကို ဖွဲ့စည်းပြီး လူထုဆူပူအုံကြွမှု မြင့်မားလာစေရေး၊ အာဏာဖီဆန်ရေးလုပ်ငန်းစဉ်နှင့် အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ တွန်းတင်ခဲ့ပြီး အနာဂတ် လူငယ်လူရွယ်များကို လမ်းပေါ် မထွက်၊ ထွက်အောင် တွန်းအားပေးဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဖေဖော်ဝါရီလနှင့် မတ်လဆန်းပိုင်းကာလတို့တွင် ဖြစ်ပေါ်ခဲ့သည့် မင်းမဲ့စရိုက်ဆန်စွာ ဆန္ဒပြမှုများနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ၊ ပညာတော်သင် သံဃာတော်များကို တပ်မတော်ရေယာဉ်၊ လေယာဉ်များဖြင့် သွားရောက် ခေါ်ဆောင်ပေးခဲ့သည့် အခြေအနေများ။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည်များကို တက်ရောက်လာကြသူများအား လိုက်လံရှင်းလင်းပြသစဉ်။ သတင်းစဉ်

**စစ်ဆေးဖော်ထုတ်လျက်ရှိ**

CDM လုပ်ဆောင်မှုများကြောင့် ကျန်းမာရေးကဏ္ဍတွင် ပြည်သူလူထု အခက်အခဲ ဖြစ်ခဲ့ရမှုများနှင့် တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများတွင် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များက ကျန်းမာရေးဆောင်ရွက်ပေးမှု အခြေအနေများ၊ CDM တွင်ပါဝင်လှုပ်ရှားနေသည့် နိုင်ငံ့ဝန်ထမ်းများကို ထောက်ပံ့နိုင်ရေးအမည်ခံကာ သွေးထိုးလှုံ့ဆော်မှုများ၊ ငွေကြေးအလှူခံ အလွဲသုံးစားလုပ်နေသူများကို ထိရောက်သည့်အရေးယူမှုများ ပြုလုပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှု Corruption နှင့် အလွဲသုံးစားမှု ဖော်ထုတ်တွေ့ရှိချက်၊ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းအား စစ်ဆေးတွေ့ရှိချက် အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများအား လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ ယခင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် မတ်လအတွင်း အမေရိကန်ဒေါ်လာ ၆ သိန်းကျော်နှင့် အကယ်ဒမီရွှေစင် ၇ ပိဿာတို့အား ပေးအပ်ခဲ့ရသည်ဟု အတိအလင်းထွက်ဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့သည်ဟု သိရှိရသဖြင့် လိုအပ်သည်များ ဆက်လက်စုံစမ်းစစ်ဆေးနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဖော်ထုတ်စစ်ဆေးလျက်ရှိသည့် အခြေအနေများ၊ အလားတူ ယခင်ဝန်ကြီးချုပ်များဖြစ်သည့် ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာအေးဇံတို့သည်လည်း အဂတိလိုက်စားမှုများဖြင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်လျက်ရှိသည့် အခြေအနေများနှင့် သမ္မတဟောင်း ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့နှင့် ပတ်သက်၍လည်း စီးပွားရေးလုပ်ငန်းရှင်အချို့ထံမှ ငွေကြေးလက်ခံရယူမှုများ စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး သတင်းဆက်လက်ထုတ်ပြန်ပေးသွားမည့် အခြေအနေများနှင့် ယခင်မဲရလဒ် ကြေညာချက်များနှင့် ယခု UEC ၏ မဲလက်မှတ်စစ်ဆေးတွေ့ရှိချက်များအရ ကွာခြားချက်များ၊ ယခင် UEC အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြည်သူလူထုသိရှိစေရန် ပြောဆိုချက်များ စသည့် အခြေအနေများကို Powerpoint Presentation များ၊ Video Clip များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**“တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများအား လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ ယခင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် မတ်လအတွင်း အမေရိကန်ဒေါ်လာ ၆ သိန်းကျော်နှင့် အကယ်ဒမီရွှေစင် ၇ ပိဿာတို့အား ပေးအပ်ခဲ့ရသည်ဟု အတိအလင်းထွက်ဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့သည်ဟု သိရှိရသဖြင့် လိုအပ်သည်များ ဆက်လက်စုံစမ်းစစ်ဆေးနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဖော်ထုတ်စစ်ဆေးလျက်ရှိ”**



လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ ခင်းကျင်းပြသထားစဉ်။ သတင်းစဉ်

**ရှင်းလင်းဖြေကြား**

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးခင်မောင်ဦးက လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် မဲစာရင်း လက်တွေ့စစ်ဆေးချက်များကို သက်သေအထောက်အထားများဖြင့် ရှင်းလင်းဖြေကြားသည်။

*စာမျက်နှာ ၉ သို့*



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းဖြေကြားစဉ်။

*စာမျက်နှာ ၈ မှ*

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှအဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက ပြန်လည် ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များ၊ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ မဲစာရင်းလက်တွေ့ စစ်ဆေးချက်များနှင့် သိရှိနိုင်ရန်လိုအပ်သည့် တွေ့ရှိချက်အထောက်အထားများကို ခင်းကျင်းပြသထားရှိရာ သတင်းစာရှင်းလင်းပွဲ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက လိုက်လံရှင်းလင်းပြသခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များလာရောက် သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အဓိကရုဏ်းပြုလုပ်စုဝေးခြင်းအား တားဆီးထိန်းသိမ်းရာတွင် လူစုလူဝေးကိုင်တွယ်ထိန်းသိမ်းနည်းများ ပြသထားစဉ်။



CDM နှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်ချက်များ ပြသထားစဉ်။



မန္တလေးတိုင်းဒေသကြီးတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ ပြသထားစဉ်။



ပြည်ထောင်စုနယ်မြေတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံများ ပြသထားစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ် ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၈၆၃၂၃ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၈၅၇၀၆ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၃၆၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၄၆ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၁၅၁၂၆ ဦး ဖြစ်သည်။

၃။ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**အောင်မြေသာစံမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဲရုံပေါင်း ၉၂ ရုံ | ၁၈၆၃၂၃ | ၁၈၅၇၀၆ | ၈၃၆၈ | ၈၄၆ | ၁၅၁၂၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တွင် မဲရုံပေါင်း ၉၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၉၆၅၈၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၆၉၉၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၉၅၉၂ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၄၉၅၀၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၆။ မဲရုံ ၉၂ ရုံတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၁၄၂၉၃ ဖြစ်ပြီး မြို့နယ်ကြိုတင်ဆန္ဒမဲလက်မှတ် ပျောက်ဆုံးမှုမှာ ၄၇ ရွက် ဖြစ်ကြောင်း တွေ့ရှိရသည်။ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိမှု | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၈၉၅၀၀ | ၁၃၅၃၄၁ | ၅၄၁၅၉ | ၃၉၈၆၆ | ၁၄၂၉၃ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၇၁၆ | ၁၆၅၅ | ၆၁ | ၁၄ | ၄၇ | - |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၃၇၂ | - | ၅၃၇၂ | ၉၆၂၉ | - | ၄၂၅၇ |
| စုစုပေါင်း | | ၁၉၆၅၈၈ | ၁၃၆၉၉၆ | ၅၉၅၉၂ | ၄၉၅၀၉ | ၁၄၃၄၀ | ၄၂၅၇ |

၇။ ရပ်ကွက်မဲရုံ ၇၀ ရုံတွင် ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | မြေပြင်စစ်ဆေးတွေ့ရှိ | | | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | သုံးစွဲ | လက်ကျန် | ပေါင်း | ပျောက်ဆုံး | အပို |
| ၁ | အနိပ်တော် | ၁ | ၂၄၅၀ | ၁၈၉၃ | ၂၅၇ | ၂၁၅၀ | ၃၀၀ | |
| | | ၂ | ၁၈၀၀ | ၁၄၃၁ | ၁၆၉ | ၁၆၀၀ | ၂၀၀ | |
| | | ၃ | ၂၁၀၀ | ၁၅၆၆ | ၃၄ | ၁၆၀၀ | ၅၀၀ | |
| | | ၄ | ၁၄၀၀ | ၁၀၈၃ | ၂၁၇ | ၁၃၀၀ | ၁၀၀ | |
| | | ၅ | ၁၆၀၀ | ၁၀၀၃ | ၄၉၇ | ၁၅၀၀ | ၁၀၀ | |
| ၂ | ဒေါနဘွား | ၁ | ၂၁၀၀ | ၁၅၃၉ | ၅၁၁ | ၂၀၄၀ | ၆၀ | |
| | | ၂ | ၂၃၅၀ | ၁၆၉၉ | ၆၀၁ | ၂၃၀၀ | ၅၀ | |
| | | ၄ | ၂၇၀၀ | ၁၇၈၆ | ၈၆၄ | ၂၆၅၀ | ၅၀ | |
| | | ၅ | ၁၇၅၀ | ၁၃၃၄ | ၃၁၆ | ၁၆၅၀ | ၁၀၀ | |
| | | ၆ | ၁၈၀၀ | ၁၃၂၈ | ၃၂၂ | ၁၆၅၀ | ၁၅၀ | |
| | | ၇ | ၂၄၅၀ | ၂၀၄၈ | ၂၀၂ | ၂၂၅၀ | ၂၀၀ | |
| | | ၈ | ၂၀၀၀ | ၁၇၂၁ | ၂၉ | ၁၇၅၀ | ၂၅၀ | |
| ၃ | အိုးဘိုရွှေကျင် | ၁ | ၁၄၅၀ | ၁၃၀၇ | ၄၃ | ၁၃၅၀ | ၁၀၀ | |
| | | ၂ | ၁၈၅၀ | ၁၅၂၉ | ၂၇၁ | ၁၈၀၀ | ၅၀ | |
| | | ၃ | ၂၀၀၀ | ၁၄၁၃ | ၅၃၇ | ၁၉၅၀ | ၅၀ | |
| ၄ | ဥပုသ်တော် | ၁ | ၁၀၀၀ | ၆၅၄ | ၉၆ | ၇၅၀ | ၂၅၀ | |
| | | ၂ | ၁၂၀၀ | ၇၉၆ | ၂၀၄ | ၁၀၀၀ | ၂၀၀ | |
| | | ၃ | ၁၅၅၀ | ၁၁၅၁ | ၁၄၉ | ၁၃၀၀ | ၂၅၀ | |
| | | ၄ | ၁၇၅၀ | ၁၁၆၈ | ၂၈၂ | ၁၄၅၀ | ၃၀၀ | |
| | | ၅ | ၁၉၅၀ | ၁၁၁၇ | ၅၃၃ | ၁၆၅၀ | ၃၀၀ | |
| | | ၆ | ၁၂၅၀ | ၈၄၅ | ၂၀၅ | ၁၀၅၀ | ၂၀၀ | |
| | | ၇ | ၂၂၀၀ | ၁၄၆၈ | ၁၈၂ | ၁၆၅၀ | ၅၅၀ | |
| | | ၈ | ၂၃၀၀ | ၁၄၁၈ | ၃၈၂ | ၁၈၀၀ | ၅၀၀ | |
| | | ၉ | ၁၇၅၀ | ၁၁၂၆ | ၃၂၄ | ၁၄၅၀ | ၃၀၀ | |
| | | ၁၀ | ၁၈၅၀ | ၁၂၉၀ | ၃၁၀ | ၁၆၀၀ | ၂၅၀ | |
| ၅ | အမရဋ္ဌာနီ(အရှေ့) | ၂ | ၂၀၀၀ | ၁၄၂၉ | ၅၃၁ | ၁၉၆၀ | ၄၀ | |
| | | ၃ | ၁၅၀၀ | ၁၁၉၅ | ၂၉၁ | ၁၄၈၆ | ၁၄ | |
| | | ၄ | ၁၉၀၀ | ၁၆၈၃ | ၂၀၁ | ၁၈၈၄ | ၁၆ | |
| | | ၅ | ၁၇၅၀ | ၁၂၉၅ | ၄၀၇ | ၁၇၀၂ | ၄၈ | |
| ၆ | အမရဋ္ဌာနီ(အနောက်) | ၁ | ၂၅၀၀ | ၁၇၆၄ | ၆၈၇ | ၂၄၅၁ | ၄၉ | |
| ၇ | ညောင်ကွဲ | ၁ | ၂၃၀၀ | ၁၇၀၉ | ၂၄၁ | ၁၉၅၀ | ၃၅၀ | |
| | | ၂ | ၂၅၅၀ | ၁၄၀၉ | ၅၉၃ | ၂၀၀၂ | ၅၄၈ | |
| | | ၃ | ၁၈၅၀ | ၁၂၆၄ | ၃၇၆ | ၁၆၄၀ | ၂၁၀ | |
| | | ၄ | ၁၈၀၀ | ၁၆၈၄ | ၅၆ | ၁၇၄၀ | ၆၀ | |
| | | ၅ | ၁၉၅၀ | ၁၄၇၄ | ၂၇၆ | ၁၇၅၀ | ၂၀၀ | |
| | | ၆ | ၂၀၀၀ | ၁၀၇၄ | ၇၇၆ | ၁၈၅၀ | ၁၅၀ | |
| | | ၇ | ၁၈၅၀ | ၁၄၁၇ | ၃၃၃ | ၁၇၅၀ | ၁၀၀ | |
| | | ၈ | ၂၀၀၀ | ၁၁၆၃ | ၈၉ | ၁၂၅၂ | ၇၄၈ | |
| | | ၉ | ၂၂၅၀ | ၁၅၄၃ | ၆၉၇ | ၂၂၄၀ | ၁၀ | |
| | | ၁၀ | ၂၄၀၀ | ၁၅၆၃ | ၅၈၇ | ၂၁၅၀ | ၂၅၀ | |
| ၈ | ပြည်လုံးချမ်းသာ | ၁ | ၂၄၅၀ | ၁၇၈၁ | ၆၁၉ | ၂၄၀၀ | ၅၀ | |
| ၉ | ပြည်ကြီးရန်လုံ | ၁ | ၂၂၀၀ | ၁၇၇၉ | ၃၂၁ | ၂၁၀၀ | ၁၀၀ | |
| | | ၂ | ၂၂၀၀ | ၁၆၀၅ | ၂၄၅ | ၁၈၅၀ | ၃၅၀ | |
| | | ၄ | ၂၄၀၀ | ၁၆၁၁ | ၈၉ | ၁၇၀၀ | ၇၀၀ | |
| | | ၅ | ၃၀၅၀ | ၂၄၂၁ | ၅၂၉ | ၂၉၅၀ | ၁၀၀ | |
| ၁၀ | မေဃဂီရိ | ၁ | ၁၉၀၀ | ၁၃၀၄ | ၅၄၆ | ၁၈၅၀ | ၅၀ | |
| | | ၂ | ၂၃၀၀ | ၁၅၇၃ | ၁၇ | ၁၅၉၀ | ၇၁၀ | |
| | | ၃ | ၂၁၀၀ | ၁၅၇၂ | ၄၇၈ | ၂၀၅၀ | ၅၀ | |
| ၁၁ | ပုလဲငွေရောင် | ၂ | ၂၆၅၀ | ၁၇၀၅ | ၈၉၅ | ၂၆၀၀ | ၅၀ | |
| | | ၃ | ၂၁၀၀ | ၁၂၁၆ | ၇၈၄ | ၂၀၀၀ | ၁၀၀ | |
| ၁၂ | အောင်မြေသာစံ | ၁ | ၂၄၅၀ | ၂၀၂၇ | ၃၇၃ | ၂၄၀၀ | ၅၀ | |
| | | ၂ | ၂၅၅၀ | ၁၉၆၉ | ၁၃၁ | ၂၁၀၀ | ၄၅၀ | |
| | | ၃ | ၂၃၅၀ | ၁၇၃၄ | ၆၆ | ၁၈၀၀ | ၅၅၀ | |
| | | ၅ | ၂၇၅၀ | ၁၆၀၉ | ၅၈၈ | ၂၁၉၇ | ၅၅၃ | |
| ၁၃ | မင်းတဲအီးကင်း | ၁ | ၂၂၀၀ | ၁၄၇၁ | ၄၂၉ | ၁၉၀၀ | ၃၀၀ | |
| | | ၂ | ၂၂၀၀ | ၁၆၃၅ | ၄၆၅ | ၂၁၀၀ | ၁၀၀ | |
| | | ၃ | ၂၇၀၀ | ၂၀၁၆ | ၆၃၄ | ၂၆၅၀ | ၅၀ | |
| | | ၄ | ၃၂၀၀ | ၂၁၃၄ | ၁၀၅၉ | ၃၁၉၃ | ၇ | |
| | မင်းတဲအီးကင်း (အဆက်) | ၅ | ၂၂၀၀ | ၁၇၉၅ | ၂၆၀ | ၂၀၅၅ | ၁၄၅ | |
| | | ၈ | ၁၀၀၀ | ၅၄၆ | ၄၀၄ | ၉၅၀ | ၅၀ | |
| ၁၄ | ပြည်ကြီးကျက်သရေ (အနောက်) | ၁ | ၂၇၀၀ | ၁၄၃၄ | ၇၆၆ | ၂၂၀၀ | ၅၀၀ | |
| | | ၂ | ၂၄၀၀ | ၁၅၈၄ | ၇၆၆ | ၂၃၅၀ | ၅၀ | |
| ၁၅ | သီရိမာလာအရှေ့ | ၁ | ၁၉၀၀ | ၁၀၈၅ | ၄၁၅ | ၁၅၀၀ | ၄၀၀ | |
| | | ၂ | ၁၉၀၀ | ၁၃၃၃ | ၄၁၇ | ၁၇၅၀ | ၁၅၀ | |
| | | ၅ | ၂၄၀၀ | ၁၄၅၉ | ၅၄၁ | ၂၀၀၀ | ၄၀၀ | |
| ၁၆ | သီရိမာလာအနောက် | ၁ | ၁၁၅၀ | ၉၀၃ | ၂၁၄ | ၁၁၁၇ | ၃၃ | |
| | | ၂ | ၁၆၀၀ | ၁၁၃၂ | ၄၃၈ | ၁၅၇၀ | ၃၀ | |
| | | ၃ | ၂၁၅၀ | ၁၆၀၈ | ၅၀၀ | ၂၁၀၈ | ၄၂ | |
| | | ၄ | ၁၈၀၀ | ၁၂၇၅ | ၅၁၀ | ၁၇၈၅ | ၁၅ | |
| | | ၅ | ၁၇၅၀ | ၁၂၉၆ | ၄၄၉ | ၁၇၄၅ | ၅ | |
| စုစုပေါင်း | | | ၁၄၃၉၀၀ | ၁၀၁၉၉၁ | ၂၇၆၁၆ | ၁၂၉၆၀၇ | ၁၄၂၉၃ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံအေးချမ်းတည်ငြိမ်ဖို့အတွက် ပြည်သူတွေညီစေချင်ပါသည်

## ကိုသံချောင်း - မစာဥ တစ်ခန်းရပ်စကားပြောခန်း (၆)

## ဒေါင်

"တို့ပြည်သူတွေ ညီရဲ့လားဟေ့..ညီတယ်ဟေ့..ညီတယ်ဟေ့.."

အိမ်ချင်းကပ်လျက်မှ ထွက်ပေါ်လာသည့် ခပ်တိုးတိုးသံချပ်ကြောင့် ကိုသံချောင်း လှမ်း၍ကြည့်မိသည်။ ဘေးအိမ်က အပျိုကြီး ဘွဲ့ရပညာတတ် မစာဥ တစ်ယောက်တည်း ဈေးမသွားခင် သံချပ်ညည်းနေခြင်းဖြစ်မည်။

"ဗျို့ မစာဥ.. ခင်ဗျားသံချပ်ကလေး ဆက်ဆိုလေဗျာ.. နားထောင်ကောင်းသားနဲ့.."

"မရွဲ့ပါနဲ့ ကိုသံချောင်းရယ်.. ကျွန်မလည်း ဒီအပိုဒ်ပဲ ရတာရှင့်။ အခုတောင်လမ်းထိပ်က လုံချည်တွေထဲမှာ အမေ့လုံချည်ပါလို့သွားပြန်မတောင်းရဲဘူး။ တော်တော်ကြာ အဖမ်းအဆီးခံရမှာစိုးလို့.."

"ခင်ဗျားမလည်း ကြောက်ပေလို့သာပဲ ဘယ်နှယ့်ကြောင့် လုံချည်တွေ သွားချည်ထားတာလဲ"

"ရှင်ကလည်း သူများတွေက လုံချည်တွေကာထားရင် လုံခြုံရေးတွေမလာရဲဘူး။ သပိတ်စခန်းတွေ မဖြိုရဲတော့ဘူးဆိုပြီးပြောတာကို ရှင့်။ ဒါကြောင့် သွားထားရတာ"

"မစဉ်းစားမဆင်ခြင်ဘဲ လုပ်ရဲတာတော့အံ့ပါရဲ့ဗျာ။ ခင်ဗျားတို့ လုံချည်တွေအောက် ရဟန်းသံဃာတွေ ဘယ်လိုဖြတ်သန်းသွားမလဲ။ အသက်အရွယ်ကြီးတဲ့သူတွေ၊ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ပြည့်စုံတဲ့ သူတွေဖြတ်သွားရင် ငရဲကြီးတယ်ဆိုတာကိုများ ခင်ဗျားတို့ မေ့နေကြသလားဗျာ"

"အဲဒါတော့ဟုတ်ပါရဲ့ကိုသံချောင်းရယ်။ ကျွန်မတို့ မတွေးမိတာ အပြစ်ရှိပါရဲ့။ လူကြီးသူမတွေ ဖြတ်သန်းလို့မှမကောင်း၊ မကြံကောင်း မစည်ရာ ကြံမိတာရှင့်။ ဒါပေမယ့် ကျွန်မတို့ထက် မြှောက်ပေးသူတွေက ပိုအပြစ်ကြီးသေးတယ်လေတော်။ ကျွန်မတို့ကို အဲဒီလိုလုပ်မယ်လို့ ပြောပြီး လုံချည်တောင်းတော့လည်း ပေးမိတာပေါ့ရှင့်"

"ထားပါတော့ဗျာ။ ခင်ဗျားတူမတွေကော ဟိုရက်က CDM ဆိုပြီး ပြောသံကြားတယ်။ အခုရော ဘယ်လိုဖြစ်သွားပြီလဲ။ အဆင်ကော ပြေကြရဲ့လား"

"အဆင်ပြေမပြေတော့မသိဘူး။ အခုတော့ အိမ်ပြန်လာကြတော့မယ်တဲ့။ အလုပ်တွေလည်း ပြုတ်သူပြုတ်၊ ပြေးသူပြေးဖြစ်နေတာလေ။ ထောက်ပံ့တာကလည်း တစ်ခါတည်းရပြီး ပြေးရတာကတော့ အခါခါဖြစ်နေတော့ နွေဦးတော်လှန်ရေးကြီးကို စိတ်ကုန်လာကြတယ် ထင်ပါရဲ့"

"စိတ်ကုန်ဦးမှပဲလေ အပျိုကြီးရယ်။ နိုင်ငံတော်က စနစ်တကျနဲ့ ရည်မှန်းချက်တွေ ၊ ရှေ့လုပ်ငန်းစဉ်တွေကို သေသေချာချာနဲ့ မြန်မြန်ကြီး အကောင်အထည်ဖော်နေတာကို ဖျက်လိုဖျက်ဆီးလုပ်ရင်တော့ ခံရမှာပဲဗျ။ ဟုတ်တယ်လေဗျာ။ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် ဖြေရှင်းပေးတယ်၊ တရားမျှတအောင် ဖြေရှင်းပေးမယ်ဆိုတာကို လက်မခံရင် အကြမ်းဖရမ်းဖြစ်တာပဲ အဖတ်တင်မှာပေါ့ဗျာ"

"ဒါနဲ့ နိုင်ငံတကာက အကူအညီတွေပေးပြီး ပြန်တိုက်ကြမယ်ဆိုတာမျိုးကိုရော ရှင်ဒီရက်ပိုင်း ဘာကြားသေးသလဲ။ နိုင်ငံတကာ စစ်တပ်တွေရော လာကြပြီလားရှင့်"

"မကြားပါဘူး မစာဥရယ်။ ဖေ့စ်ဘွတ်ခ်မှာတော့ လုံခြုံရေးကောင်စီက ဘယ်လိုအဆုံးသတ်သွားသလဲဆိုတာတော့ ဘယ်သူမှ ခရက်ဒစ်နဲ့ မရှဲလ်ကြတော့ဘူးဗျ။ စစ်ရေးနည်းနဲ့ မစွက်ဖက်ဘဲ သံတမန်နည်းအရ သူတို့ပြောကြဆိုကြတာတော့ ကြားမိတယ်။ ဒါကတော့ဗျာ။ ဘယ်သူမဆို သူများအိမ်တွင်းရေးကို ဝင်မပါချင်ကြဘူးဗျ။ ကြားသုံးကြား မဝင်ရဘူးဆိုတာလိုမျိုးပေါ့ဗျာ။ မိဘနဲ့သားသမီး၊ လင်မယားနဲ့ မောင်နှမတွေကြား ဝင်မိရင် သူတို့ပြန်တည့်သွားတဲ့အခါ ဝင်ပါမိတဲ့သူက ရန်သူဖြစ်ရတာမျိုးပေါ့ဗျာ။ အဲဒီလိုပဲ နိုင်ငံတစ်နိုင်ငံရဲ့ အတွင်းကပြဿနာတစ်စုံတစ်ရာဖြစ်တိုင်း အခြားက ဘယ်ပါကြပါ့မလဲ။ နောက်ပြီး အခုဟာက ဥပဒေနဲ့အညီ ဆောင်ရွက်လုပ်ကိုင်နေတာဖြစ်တဲ့အတွက် ပိုပြီးတောင် မပါကြဦးမယ်"

"ပြောရရင်ဗျာ နိုင်ငံတကာက တပ်တွေရောက်လာပြီဆိုပါစို့၊ လည်ပင်း အပြာပတ်ကလေးတွေနဲ့ ဦးထုပ်အပြာလေးတွေဆောင်းပြီး လာတိုင်း ခင်ဗျားလက်ခံနိုင်မလား။ ဥပမာဗျာ အနောက်နိုင်ငံက တပ်တွေက ဝေးတယ်ဆိုပြီး အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံက စစ်တပ်ပို့လိုက်ပါပြီတဲ့ဗျာ။ ခင်ဗျားတို့ပြည်သူတွေ လက်ခံကြမှာပဲလား။ နိုင်ငံတကာက စစ်ရေးအကူအညီတွေပေးပြီး အတင်းဝင်တိုက်လို့ ကောင်းစားသွားတဲ့ တိုင်းပြည်ထက် ပိုမိုပျက်စီးပြီး အတိဒုက္ခရောက်နေတဲ့ တိုင်းပြည်တွေပဲ ကျွန်တော်တော့ ပြေးမြင်မိတာပဲဗျာ"

"ဒါပေါ့ရှင်၊ ပြည်တွင်းက အခြေအနေတွေကို ရုတ်တရက်ပေါ်လာတဲ့ စိတ်ခံစားချက်နဲ့ တုံ့ပြန်ကြတာထက် အကျိုးအကြောင်းမှန်မှန်၊ ခေါင်းအေးအေးနဲ့ကမ္ဘာသိသိပြီးမှ ရလဒ်ပေါ်အောင်လုပ်တာ ပိုကောင်းသပေါ့ရှင့်"

"နိုင်ငံ့ဝန်ထမ်းတွေ CDM လုပ်တာတွေ၊ လူ့အခွင့်အရေးနဲ့မညီတဲ့ Social Bullying လုပ်တာတွေ၊ အတင်းအကျပ် စော်ကားပြုမူနေတာတွေ၊ ဘာသာရေးကို ထိပါးစော်ကားတာတွေက နိုင်ငံရဲ့ပုံရိပ်ကို ပိုပြီးထိခိုက်စေတာပေါ့ မစာဥရယ်။ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်တယ်ဆိုတာ ပြည်သူအားလုံးက အသိအမှတ်ပြုမှ ရမှာပါ။ လွှတ်တော်မှာ ကတိသစ္စာဆိုကြပြီးမှ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရောက်တာလေဗျာ။ အခုဟာက ပြန်လည်စိစစ်နေတဲ့ကာလ၊ မှားယွင်းမှုတွေကို ဖော်ထုတ်နေတဲ့ကာလဖြစ်နေတာကို အတင်းကာရော အဖွဲ့တွေဖွဲ့ကြတယ်။ စင်ပြိုင်အစိုးရထောင်တာတွေက တရားမှမဝင်တာဘဲ မစာဥရဲ့။ တစ်ဖက်ကပေးထားတဲ့ ကတိကဝတ်တွေကို အဖက်မလုပ်ဘဲ အွန်လိုင်းကနေ အတင်းမြှောက်ပေး ပြောဆိုနေတာတွေက စည်းလွတ်ဘောင်လွတ်ဖြစ်နေသလားပဲဗျ"

"ဒါပေမယ့်လည်း ပြည်သူတွေ အဖိတ်အစဉ်တွေရှိတာ ဝမ်းနည်းမိတယ် ကိုသံချောင်းရယ်။ ကိုယ့်တူမအရွယ်၊ တူအရွယ်လေးတွေ ပင်ပင်ပန်းပန်းနဲ့ လမ်းပေါ်ထွက်နေကြတာကို မြင်ရတော့ စိတ်နာမိတယ်"

"စိတ်နာသင့်တာပေါ့ မစာဥရယ်။ ဒါပေမယ့် ခင်ဗျားမုန်းချင်လည်းမုန်း၊ နာချင်လည်းနာ ဒါပေမယ့် မုန်းရမှာက လုံခြုံရေးတာဝန်ယူထားတဲ့သူတွေကိုမဟုတ်ဘူး။ ခေတ်အဆက်ဆက် အာဏာမက်လာကြတဲ့ အစိုးရအဆက်ဆက်တွေ၊ နိုင်ငံရေးအော်နေပြီး သူတို့လူနည်းစုကောင်းစားရေးပဲ ခေါင်းထဲထည့်ထားတဲ့ ရွှေရည်စိမ်နိုင်ငံရေးသမားတွေ၊ လော်ဘီတွေ၊ သူတို့ကောင်းစားရေးအတွက် နိုင်ငံမတည်မငြိမ်ဖြစ်အောင် လုပ်သူတွေ၊ ကျင့်ဝတ်အားနည်းပြီး တစ်ဖက်စောင်းနင်းဖြစ်တဲ့ မီဒီယာတွေ၊ မြှောက်ပေးနေတဲ့ အွန်လိုင်းသူ့ရဲဘောကြောင်တွေကို စိတ်နာသင့်တာဗျ။ ဒီအခြေအနေ ဖြစ်လာမယ်ဆိုတာ သိလျက်နဲ့ ပြည်သူကို လမ်းပေါ်ပစ်တင်ခဲ့တာပေါ့ဗျာ။ အပ်နဲ့ထွင်းရမယ့်အရာကို ပုဆိန်နဲ့ပေါက်သလိုဖြစ်သွားရတာပေါ့"

> " စိတ်နာသင့်တာပေါ့ မစာဥရယ်။ ဒါပေမယ့် ခင်ဗျား မုန်းချင်လည်းမုန်း၊ နာချင်လည်းနာ ဒါပေမယ့် မုန်းရမှာက လုံခြုံရေးတာဝန်ယူထားတဲ့သူတွေကို မဟုတ်ဘူး။ ခေတ်အဆက်ဆက် အာဏာမက်လာကြတဲ့ အစိုးရအဆက်ဆက်တွေ၊ နိုင်ငံရေး အော်နေပြီး သူတို့လူနည်းစု ကောင်းစားရေးပဲ ခေါင်းထဲထည့်ထားတဲ့ ရွှေရည်စိမ် နိုင်ငံရေးသမားတွေ၊ လော်ဘီတွေ၊ သူတို့ကောင်းစားရေးအတွက် နိုင်ငံမတည်မငြိမ်ဖြစ်အောင် လုပ်သူတွေ၊ ကျင့်ဝတ်အားနည်းပြီး တစ်ဖက်စောင်းနင်းဖြစ်တဲ့ မီဒီယာတွေ၊ မြှောက်ပေးနေတဲ့ အွန်လိုင်း သူ့ရဲဘောကြောင်တွေကို စိတ်နာသင့်တာဗျ။ ဒီအခြေအနေ ဖြစ်လာမယ်ဆိုတာ သိလျက်နဲ့ ပြည်သူကို လမ်းပေါ်ပစ်တင်ခဲ့တာပေါ့ဗျာ။ အပ်နဲ့ထွင်းရမယ့်အရာကို ပုဆိန်နဲ့ ပေါက်သလို ဖြစ်သွားရတာပေါ့"

"Generation Z တွေအတွက်တော့ အားနာမိတယ်ရှင့်။ သူတို့မှာ အနာဂတ်တွေ ရှိတယ်။ အဲဒါတွေကို လမ်းပေါ်မှာ အချိန်မကုန်စေချင်ဘူး"

"လူငယ်တွေရဲ့ ရိုးသားမှုတွေကို အလှည့်ဖျားခံနေရတာပေါ့ မစာဥရယ်။ နိုင်ငံတော်တည်ငြိမ်ရေးဆိုတာ တာဝန်ယူထားတဲ့ အစိုးရရဲ့တာဝန်ပဲ မဟုတ်လားဗျာ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ အခုအချိန်မှာ အဆင့်မြှင့်ကိုင်တွယ်မှုတွေ စတင်နေပါပြီ။ ဒါတွေဆောင်ရွက်တဲ့နေရာမှာ ခင်ဗျားသတိထားမိလားတော့ မသိဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ကိုင်ထားပြီးတော့မှ သတိရှိရှိ၊ အဆင့်ဆင့်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူအားလုံးက ပူးပေါင်းစောင့်ကြည့် အားဖြည့်ပေးရမှာလို့ ကျွန်တော်ကတော့ မြင်တာပဲ။ ဒါမှ နိုင်ငံမတည်ငြိမ်သေးရင် ကျွန်တော်တို့ ရွေးကောက်ပွဲလုပ်မရဘူးလေဗျာ။ ဒီလိုနဲ့ အချိန်တွေ ဆက်ကြာအောင် ဖန်တီးမလား၊ ရပ်တန်းကရပ်ပြီး ရွေးကောက်ပွဲကြီးကို ကြိုဆိုမလား စဉ်းစားကြပေါ့ဗျာ"

"ဟုတ်ပါပြီရှင်။ ကျွန်မလည်း ဈေးသွားရမှာမို့ ရှင်လည်း အိမ်ပြန်တော့။ ညနေခင်းမှ အေးအေးဆေးဆေး ဆက်ဆွေးနွေးတာပေါ့ရှင်"

"ကောင်းပါပြီဗျာ။ ခင်ဗျားလိုပဲ ပြည်သူတွေအားလုံးက ညီညီညာညာနဲ့ အမှန်တရား၊ ပကတိအခြေအနေကို မြင်စေချင်လှပါပြီ။ ဒါမှ အားလုံးအေးချမ်းပြီး အိုကေ စိုပြည်မှာပေါ့ဗျာ.."

# သတင်းထုတ်ပြန်ချက်

၁။ Facebook ပေါ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်မှ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Honourable Antony J. Blinken ထံသို့ "Presenting the Current Situation in Myanmar" ခေါင်းစဉ်ဖြင့် E-mail လိပ်စာ wunnamaunglwin@mofa.gov.mm မှ အီးမေးလ်ဖြင့် ဆက်သွယ်ပေးပို့ခဲ့သည်ဟု ဖော်ပြချက်များ တွေ့ရှိရပါသည်။

၂။ အဆိုပါ E-mail လိပ်စာသည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အသုံးပြုသည့် E-mail မဟုတ်ကြောင်းနှင့် အဆိုပါလိပ်စာဖြင့် account ဖွင့်လှစ်ထားခြင်းလည်း မရှိပါ။ ယင်းဖော်ပြချက်မှာ အီးမေးလ်အကောင့်အတုဖြင့် အထင်အမြင်လွဲမှားစေရန် မမှန်မကန်လုပ်ကြံဖန်တီးခြင်းဖြစ်ပြီး၊ အဆိုပါ မမှန်မကန် လုပ်ကြံဖန်တီးသူများအား ရှာဖွေဖော်ထုတ်၍ တည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သံတမန်ရေးရာကိစ္စများ တရားဝင်ဆက်သွယ်ရာတွင် တရားဝင် သံတမန်စာများ ပေးပို့ခြင်း၊ နှစ်ဖက်နိုင်ငံ၌ အခြေစိုက်သော သံရုံးများမှတစ်ဆင့် တရားဝင် ဆက်သွယ်ရေးလမ်းကြောင်းများဖြင့် ဆက်သွယ်ခြင်းများသာ ဆောင်ရွက်လေ့ရှိကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်**




## သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၁၁**
သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ် (၁၁)ကို မတ် ၁၂ ရက်၊ ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၁)၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေသော်လဝန်းတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို **(ယနေ့)** မတ် ၁၂ ရက် နှင့် မတ် (၁၃၊ ၁၄) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ (၆)နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၁၁**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ်လ ၁၃ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မိမိတို့၏ ပျော်ရွှင်မှုအတွက် အခြားသတ္တဝါလေးများကို ဒုက္ခမပေးသင့်ပုံ အကြောင်းကို တင်ဆက်ထားသည့် "ပုပုပါဝင်သည့် လိပ်ပြာလေးများ" မျက်နှာဖုံးဇာတ်လမ်း၊ ဝမ်းချုပ်ခြင်းသည် ကျန်းမာရေးကို ထိခိုက်နိုင်၍ ကလေးများ ဝမ်းမချုပ်စေရန် လိုက်နာရမည့် ဂရုပြုဖွယ်အချက်များကို တင်ဆက်ထားသည့် "ဝမ်းချုပ်တာကို ဂရုစိုက်ကြပါစို့" သုတဆောင်းပါးနှင့် မြန်မာ့တူရိယာတစ်မျိုးဖြစ်သည့် ကြေးနောင်မောင်းအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ကြေးနောင်မောင်းအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ မြန်မာဆိုရိုးစကားများကို ကလေးတို့ အလေးထား လိုက်နာမှတ်သားနိုင်စေရန် တင်ဆက်ထားသည့် "အိမ်နောက်ဖေးဈေးဆိုင်တည်" ဆိုရိုးစကား၊ မိဘများက စေတနာနှင့် ပြောဆိုသောစကားများကို ကလေးတို့ လိုက်နာသင့်ပုံကို တင်ဆက်ထားသည့် "အမေပြောသော ပုံပြင်များ" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် ကျောင်းစာအပြင် အခြား ဗဟုသုတဖြစ်ဖွယ် စာများကိုဖတ်သည့် အလေ့အကျင့်ကောင်းများကို မွေးမြူသင့်ကြောင်း တင်ဆက်ထားသည့် "ဘဝလှဖို့ စာဖတ်စို့" ကလေးဝတ္ထု အပါအဝင် ရွှေသွေးအင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဆူပူဆန္ဒပြသူလူတစ်စုက CDM တွင် ပါဝင်လှုပ်ရှားခြင်းမရှိသည့် ပြည်သူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ သတင်းပေးဟုစွပ်စွဲကာ ခြိမ်းခြောက်အကြမ်းဖက် ရိုက်နှက်မှုများပြုလုပ်

**နေပြည်တော် မတ် ၁၁**
မြန်မာနိုင်ငံအတွင်း အချို့မြို့ကြီးများတွင် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိပြီး ဆန္ဒပြသူများအနက် အချို့သော လူပုဂ္ဂိုလ်များသည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုံခြုံမှုကို ထိခိုက်စေရန်ရည်ရွယ်၍ ၎င်းတို့ကို ထောက်ခံဝန်းရံခြင်းမရှိသူများကို သတင်းပေးများအဖြစ် စွပ်စွဲခြင်း၊ လူ့ဂုဏ်သိက္ခာ ထိခိုက်စေသည့်အထိ တရားမဲ့ပြုကျင့်ခြင်း၊ နေအိမ်အဆောက်အဦနှင့် ယာဉ်များအား ဖျက်ဆီးခြင်းတို့ကို အုပ်စုဖွဲ့၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ အမှတ်(၄) ရပ်ကွက်နေ ဦးတာယာမင်းဒီ၊ မသဇင်ဝေ၊ ဦးသကြိန်နိုဦးတို့ ဦးဆောင်သည့် ဆူပူအကြမ်းဖက်သူအင်အား ၆၀ ခန့်သည် မတ် ၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် အမှတ်(၃) ရပ်ကွက်နေ ဦးအောင်မြင့်(ဘ) ဦးဘမင်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ၏ နေအိမ်ရှေ့သို့ လာရောက်စုရုံးပြီး "သတင်းပေးသည့် အိမ်အား ဖျက်ဆီးကြ၊ ခဲနှင့် ပေါက်ကြ၊ မီးရှို့ကြ" ဟု အော်ဟစ်လှုံ့ဆော်ပြီး ဦးအောင်မြင့်၏ နေအိမ်အား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ တံခါးများအား ဖျက်ဆီးခြင်း၊ မော်တော်ယာဉ်အား မီးရှို့ခြင်းစသည့် အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီခန့်တွင် လူစုခွဲခဲ့ကြောင်း သိရှိရသည်။


ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ အမှတ်(၃) ရပ်ကွက်ရှိ ဦးအောင်မြင့်၏နေအိမ် ခဲများဖြင့် ပစ်ခတ်ဖျက်ဆီးခံရစဉ်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူလူတစ်စု၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ဦးအောင်မြင့်၏ သားဖြစ်သူ မောင်မျိုးမြန်မာ အသက် (၂၃) နှစ်တွင် နဖူးပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး ဆိုင်ကယ်တစ်စီး၊ အပ်ချုပ်စက် ၃ လုံးနှင့် ပရိဘောဂပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။

**မော်တော်ယာဉ်အား ဖျက်ဆီး**

အလားတူ ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်နေ ဦးမြင့်အေး(ဘ) ဦးမောင်ချို(အုပ်ချုပ်ရေးမှူးဟောင်း)ပါ ဆူပူဆန္ဒပြသူအင်အား ၂၀ ခန့်သည် မြရည်ပုလဲလမ်း ရွှေပြည်သာရပ်ကွက်နေသူ ဦးဝင်းထွဋ်မှ မောင်းနှင်လာသော Honda FIT အမျိုးအစား မော်တော်ယာဉ်အမှတ်၊ 2E/..... အား အေးရိပ်ငြိမ်ရပ်ကွက်၊ ရန်ကြီးအောင် (၂) လမ်းနှင့် ပေါ်ဦး (၃)လမ်း လမ်းဆုံနေရာ၌ လမ်းပိတ်ဆို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးနေသူဟု စွပ်စွဲပြီး လူနှင့် မော်တော်ယာဉ်အား ရွှေပြည်သာရပ်ကွက် သုသာန်သို့ခေါ်ဆောင်ကာ တုတ်၊ ခဲများဖြင့် ရိုက်ခွဲဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ အေးရိပ်ငြိမ်ရပ်ကွက် တော်ဝင်လမ်းရှိ သစ်စက်အဟောင်းနေရာ၌ ဆူပူဆန္ဒပြသူများ၏ ရိုက်နှက်မှုကြောင့် ဒဏ်ရာများရရှိနေသည့် ဦးဝင်းထွဋ်အား တွေ့ရှိခဲ့သဖြင့် ၎င်းအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီခန့်တွင် ငလွမ်း(ဘ) ဦးကြွက်နီ ရွှေပြည်သာရပ်ကွက် ကော့သောင်းမြို့နေသူအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိအရေးယူနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျေအင်န်ဂျေ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး သန်း ၁၀၀ ဝယ်ယူရန် အမေရိကန်စီစဉ်နေကြောင်း အရာရှိတစ်ဦးပြော

ဝါရှင်တန် မတ် ၁၁

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျွန်ဆင်အင်န်ဂျွန်ဆင် (ဂျေအင်န်ဂျေ)ကိုဗစ်–၁၉ ကာကွယ်ဆေးအလုံးရေ နောက်ထပ် သန်း ၁၀၀ ရရှိရန် အစီအစဉ်များကို မတ် ၁၀ ရက်က ကြေညာခဲ့သည်။ အမေရိကန် ပြည်ထောင်စုအတွက် ကာကွယ်ဆေးကို လိုသည်ထက်ပိုရယူထားခြင်းက တခြားသူများကို ကိုဗစ်–၁၉ ထုတ်လုပ်ရေးနှင့် ပတ်သက်ပြီး ပြဿနာဖြစ်စေသည်။**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျေအင်န်ဂျေမှ အမှုဆောင်များနှင့် တွေ့ဆုံသည့် အစည်းအဝေးတွင် ထိုသို့ကြေညာလိုက်ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်သူ မာရက်ခ်က ပြောကြားလိုက်သည်။

ကိုဗစ်–၁၉ ကာကွယ်ဆေး ပိုမိုထုတ်လုပ်နိုင်ရန် မာရက်ခ်သည် ဂျေအင်န်ဂျေ ကိုဗစ်–၁၉ ကာကွယ်ဆေး ထုတ်လုပ်မှုနှင့် လက်တွဲလုပ်ဆောင်လျက်ရှိသည်။

အမေရိကန်အစားအသောက်နှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့က ဂျေအင်န်ဂျေ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို အတည်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် အမေရိကန်သည် မေလအကုန်တွင် အရွယ်ရောက်ပြီး သူတိုင်းကို ကိုဗစ်–၁၉ ကာကွယ်ဆေး လုံလုံလောက်လောက် ကာကွယ်ဆေးထိုးပေးရန် လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်သည်ဟု အမေရိကန်သမ္မတက ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဖိုက်ဇာနှင့် မော်ဒါနာကုမ္ပဏီတို့မှ ကာကွယ်ဆေးအလုံးရေ သန်း ၃၀၀ ဝယ်ယူရန်သဘောတူခဲ့သလို ဂျေအင်န်ဂျေထံမှ ကိုဗစ်–၁၉ အလုံးရေ သန်း ၁၀၀ ဝယ်ယူရန် သဘောတူခဲ့သည်။

**အေအက်ဖ်ပီ**



ဂျွန်ဆင်အင်န်ဂျွန်ဆင်မှ ကိုဗစ်–၁၉ ကာကွယ်ဆေးကို တွေ့ရစဉ်။

# အင်္ဂလန်အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်က ယခင် ကိုဗစ်–၁၉ ထက် ၆၄ ရာခိုင်နှုန်း ပိုမိုသေဆုံးစေနိုင်ကြောင်း လေ့လာမှုတစ်ခုတွေ့ရှိ

**ပါရီ မတ် ၁၁**

ဗြိတိန်တွင် ပထမဆုံးတွေ့ရှိခဲ့သည့် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်သည် ယခုအခါတွင် နိုင်ငံတကာသို့ ပျံ့နှံ့လျက်ရှိပြီး ယခင် ကိုဗစ်–၁၉ မျိုးကွဲထက် ၆၄ ရာခိုင်နှုန်း ပိုမိုသေဆုံးနိုင်ကြောင်း မတ် ၁၀ ရက်က ထုတ်ပြန်ခဲ့သော သုတေသနတစ်ခုတွင် ဖော်ပြလိုက်သည်။

လွန်ခဲ့သောနှစ် နှောင်းပိုင်းက စတင်တွေ့ရှိခဲ့သည့် အဆိုပါ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်သည် ကိုဗစ်–၁၉ ကူးစက်မှု မြင့်မားသည့် နိုင်ငံများတွင် မကြာသေးမီက တွေ့ရှိခဲ့သည့် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်များအနက် တစ်ခုဖြစ်သည်။

အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သည် ပိုမိုကူးစက်မှုမြန်ကြောင်း သတိပေးထားသည့် ဗြိတိန်အာဏာပိုင်များက ဇန်နဝါရီလက အဆိုပါ ဗိုင်းရပ်စ်သည် ယခင် ကိုဗစ်–၁၉ ထက် ၄၀ ရာခိုင်နှုန်းကျော် သေဆုံးနိုင်ကြောင်း ပြောကြားခဲ့သည်။

အိတ်ဇာတာ တက္ကသိုလ်က ဦးဆောင်သည့် လေ့လာမှုများထဲမှ တွေ့ရှိမှုများကို ဘီအမ်ဂျေ စာစောင်တွင် မတ် ၁၀ ရက်က ဖော်ပြခဲ့သည်။

သုတေသီများက ဆေးရုံမှာ ရှိနေသူများထက် လူမှုဝန်းကျင်တွင် ကိုဗစ်–၁၉ ရှိနေသူ ၅၅၀၀၀ နီးပါးကို အောက်တိုဘာလနှင့် ဇန်နဝါရီလအကြား နှိုင်းယှဉ်လေ့လာခဲ့သည်။ ပါဝင်သူများသည် အသက်အရွယ်၊ လိင်နှင့် မျိုးနွယ်စုတူများကို တူညီအောင် တွဲဖက်ထားသူများ ဖြစ်ကြသည်။

အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားသူများမှာ ၆၄ ရာခိုင်နှုန်း ပိုမိုသေဆုံးနိုင်ခြေရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူ အယောက် ၁၀၀၀ လျှင် သေဆုံးမှုသည် ၂ ဒသမ ၅ ဦးမှ ၄ ဒသမ ၁ ဦးအထိ တိုးလာခဲ့ကြောင်း သိရသည်။


အင်္ဂလန်နိုင်ငံတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

အဆိုပါတွေ့ရှိမှုက ကိုဗစ်–၁၉ ဆိုင်ရာ အန္တရာယ်ကို အထူးအလေးပေး ဖော်ပြထားသည်။ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု ပိုများလေလေ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ပေါ်ပေါက်မှု ပိုကြောက်စရာကောင်းလေလေ ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ချက်ဆိုင်ရာ ယာယီတားမြစ်ကာလ သက်တမ်းထပ်တိုး

**ဘန်ဒါဆီရီဘီဂါဝမ် မတ် ၁၁**

ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ချက်များကို ယာယီတားမြစ်ထားသည့် အချိန်ကာလကို နောက်ထပ် သီတင်းပတ်နှစ်ပတ်ကြာ ထပ်မံတိုးမြှင့်လိုက်ကြောင်း ဘရူနိုင်းဝန်ကြီးချုပ်ရုံးက မတ် ၁၀ ရက်က ပြောကြားလိုက်သည်။

ဘရူနိုင်းမှ ကုန်းလမ်း၊ ရေလမ်းမှတစ်ဆင့် ဝင်ရောက်ခြင်းများ အပါအဝင် မလေးရှားမှ နိုင်ငံခြားသားများ ဝင်ရောက်လာခြင်းဆိုင်ရာ ယာယီတားမြစ်ချက်ကို မတ်လ ၂၄ ရက်အထိ ၁၄ ရက်ကြာ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း ဘရူနိုင်းဝန်ကြီးချုပ်က ကြေညာချက် ထုတ်ပြန်လိုက်သည်။

ဘရူနိုင်းမှတစ်ဆင့် ပြောင်းရွှေ့ခရီးသွားလာခြင်းများကို တရားဝင် အစိုးရအရာရှိများ၊ ကျောင်းတက်ရမည့် ကျောင်းသားများ၊ အရေးပေါ်ကိစ္စရပ်များကိုသာ ခွင့်ပြုမည်ဖြစ်ကြောင်း ဘရူနိုင်းဝန်ကြီးချုပ်ရုံးက ဆက်လက်ကြေညာချက် ထုတ်ပြန်ထားသည်။

ဘရူနိုင်းနိုင်ငံသည် မလေးရှားနှင့် ပင်လယ်ချင်းလည်း နယ်နိမိတ်ထိစပ်လျက်ရှိသည်။ အလုပ်အကိုင်ကိစ္စရပ်နှင့် ပတ်သက်ပြီး ကုန်းလမ်းနှင့် ရေလမ်းကြောင်းတို့မှ ဝင်ရောက်လာမည့်သူများကိုလည်း မတ် ၂၄ ရက်အထိ ၁၄ ရက်ကြာ ယာယီကန့်သတ်တားမြစ်ထားကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံတွင် ပြည်ပ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု ၅၁ ခုရှိသည်။ လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ ဖြစ်ပွားလျက်ရှိသူ ခြောက်ဦးရှိပြီး ၎င်းတို့အနက်တစ်ဦးမှာ အိန္ဒိယပြန်ကူးစက်ဖြစ်ပွားမှုတစ်ခုဖြစ်သည်။

**ဆင်ဟွာ**

# ရွေးကောက်ပွဲနီးချိန်တွင် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ကွန်ဂိုနိုင်ငံသို့ ရောက်ရှိ

**ဘရက်ဇာဗီလီ မတ် ၁၁**

ကွန်ဂို ပြည်သူ့သမ္မတနိုင်ငံသည် မတ် ၁၀ ရက်က တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ကိုဗစ်–၁၉ ကာကွယ်ဆေး တစ်သိန်းကို လက်ခံရရှိခဲ့သည်။ နိုင်ငံအတွင်း သမ္မတရွေးကောက်တင်မြှောက်ရေး ဆန္ဒမဲပေးမှု မတိုင်မီ ၁၀ ရက်အလိုတွင် ထိုသို့လက်ခံရရှိခဲ့ခြင်းက တရုတ်နိုင်ငံအား နက်နက်နဲနဲ ကျေးဇူးတင်ရမည်ဖြစ်သည်။

တရုတ်နိုင်ငံက ကိုဗစ်–၁၉ ကာကွယ်ဆေး ဆီနိုဖမ်းကို လှူဒါန်းလိုက်ခြင်းက တရုတ်နိုင်ငံသည် ကိုဗစ်–၁၉ ကပ်ရောဂါကို ရင်ဆိုင်တိုက်ခိုက်ရာတွင် ကွန်ဂိုနိုင်ငံနှင့်အတူရှိကြောင်း သက်သေပြလိုက်ခြင်းဖြစ်ကြောင်း တရုတ်သံအမတ်ကြီး မာဖူလင်က ဘရက်ဇာဗီလီလေဆိပ်တွင် သတင်းထောက်များကို ပြောကြားလိုက်သည်။

ကွန်ဂို–ဘရက်ဇာဗီလီဟု လူသိများသော ရေနံထုတ်လုပ်ရာ ကွန်ဂိုနိုင်ငံသည် ကြွေးနွံနစ်လျက်ရှိသည်။ ၎င်းတို့၏ အဓိကကြွေးရှင်နိုင်ငံဖြစ်သော တရုတ်သည် လွန်ခဲ့သောလက ကွန်ဂိုနိုင်ငံက ပေးရန်ရှိသော ကြွေးမြီ အမေရိကန်ဒေါ်လာ ၂၈ သန်းကို လျှော်ပေးခဲ့ပြီး နိုင်ငံအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် နောက်ထပ် အမေရိကန်ဒေါ်လာ ၁၅ သန်း ကူညီပေးခဲ့သည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အကူအညီကို ရရှိရန် တရုတ်နိုင်ငံသို့ ပေးရန်ရှိသည့် ကွန်ဂိုနိုင်ငံ၏ ကြွေးမြီကို ၂၀၁၉ ခုနှစ်က ပြန်လည်ပြင်ဆင်ခဲ့သည်။ အသက် ၃၆ နှစ်ရှိ သမ္မတ ဒန်းနစ်ဆက်ဆိုငုဆိုသည် မတ် ၂၁ ရက်တွင် ပြန်လည်ရွေးကောက်ပွဲကျင်းပရန် စိတ်အားထက်သန်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီး လိုင်ဒီယာက ကိုဗစ်–၁၉ ကာကွယ်ဆေးများကို လာမည့်ရက်များတွင် စတင်ထိုးပေးနိုင်တော့မည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ သတင်းသမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအချိန်အထိ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀၀ ရှိသည့်အနက် ၁၂၀ သေဆုံးခဲ့ကြောင်း သိရသည်။


တရုတ်နိုင်ငံ၏ ကာကွယ်ဆေးများကို တွေ့ရစဉ်။

**အေအက်ဖ်ပီ**

# ဗြိတိန်နှင့် အမေရိကန်တို့က ကာကွယ်ဆေးမျှဝေမှု မရှိဟု ဥရောပသမဂ္ဂ စွပ်စွဲပြောဆို

နှင်းမိုးအိမ်

ဥရောပသမဂ္ဂသည် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အမျိုးသားရေးအဖြစ် လုပ်ဆောင်နေသည်ဟု စွပ်စွဲမှုများ ပြင်းထန်နေချိန်တွင် ဗြိတိန်နှင့် အမေရိကန်တို့သည် ကိုဗစ် –၁၉ ကာကွယ်ဆေးကို ကမ္ဘာကြီးအား သာတူညီမျှ မျှဝေပေးခြင်းမရှိဟု ဥရောပသမဂ္ဂက ပြောကြားခဲ့သည်။

### ဝေဖန်မှုများအောက် ရောက်ရှိ

လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ဩစတြေးလျသို့ အက်စ်ထရာဇနီကာကိုဗစ် –၁၉ ကာကွယ်ဆေး ၂၅၀၀၀၀ တင်ပို့မည့်အရေးကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အီတလီနိုင်ငံက ပိတ်ဆို့မှုများပြုလုပ်ခဲ့ရာ ဥရောပသမဂ္ဂအဖွဲ့ကြီးမှာ ပြင်းထန်သည့် ဝေဖန်မှုများအောက်သို့ ရောက်ရှိခဲ့သည်။ အဖွဲ့ကြီးအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေး ပြတ်တောက်မှုနှင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသည့်အတွက် ဩစတြေးလျသို့ ပေးပို့မည့် ကာကွယ်ဆေးကို ပိတ်ဆို့ထားရခြင်းဖြစ်ကြောင်း အကြောင်းပြခဲ့သည်။ ဥရောပသမဂ္ဂ အဖွဲ့ကြီးသည် ဇန်နဝါရီလနှောင်းပိုင်းအတွင်း ကိုဗစ် –၁၉ ကာကွယ်ဆေးပေါင်း ၃၄ သန်းကျော်ကို တင်ပို့ပြီးဖြစ်သည်ဟု မတ် ၁၀ ရက်တွင် ဥရောပသမဂ္ဂ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

### အစ္စရေးနိုင်ငံသို့ ပို့ဆောင်

အဆိုပါ ကာကွယ်ဆေးများအနက် အများစုကို ဗြိတိန်နိုင်ငံသို့ပေးပို့ခဲ့ပြီး ကာကွယ်ဆေးအလုံးရေ ကိုးသန်းကျော်ကို ပေးပို့ခဲ့ပြီးဖြစ် သည်ဟု သိရသည်။ ၎င်းနောက်တွင် ကနေဒါနိုင်ငံကို ကာကွယ်ဆေးအလုံးရေ လေးသန်း ပို့ဆောင် ခဲ့ပြီး မက္ကဆီကိုနိုင်ငံကို သုံးသန်းပို့ ဆောင်ပေးခဲ့သည်ဟု သိရသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုသို့ ကာကွယ်ဆေးအလုံးရေ ၉၅၀၀၀၀ တင်ပို့မှုကိုလည်း ဥရောပသမဂ္ဂအဖွဲ့ ကြီးက ခွင့်ပြုပေးခဲ့သည်ဟု သိရသည်။ ဘယ်လ်ဂျီယံတွင် ထုတ်လုပ်သည့် ကာကွယ်ဆေးအများစုကို ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးနေသည့် အစ္စရေးနိုင်ငံသို့ ပေးပို့ခဲ့ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီရှဲက ပြောသည်။

### ပြင်းပြင်းထန်ထန်တုံ့ပြန်

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့နှင့် ပတ်သက်၍ ဥရောပသမဂ္ဂအဖွဲ့ကြီး၏ ချဉ်းကပ်မှုကို ၎င်းက ဆန့်ကျင်ပြောဆိုခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ထုတ်လုပ်သည့် ကာကွယ်ဆေးကို တင်ပို့ရာတွင် ကန့်သတ်ပိတ်ဆို့မှုများ သိသိသာသာပြုလုပ်ရန် အချက်ပြခဲ့သည်။ ဗြိတိန်အစိုးရ၏ မတ်လ ၁၀ ရက် ပြောကြားချက်အပေါ်တွင် ၎င်းက ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ခြင်း ဖြစ်သည်။ ကာကွယ်ဆေးနှင့် ကာကွယ်ဆေး၏ အစိတ်အပိုင်းတစ်ခုတလေကိုမျှ တင်ပို့ရာတွင် ပိတ်ဆို့ထားခဲ့ခြင်း မရှိကြောင်းနှင့် ကာကွယ်ဆေးကို အမျိုးသားရေးတွင် အသုံးပြုသည်ကို ဆန့်ကျင်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

### နက်နက်ရှိုင်းရှိုင်းမြှုပ်နှံခဲ့

ယင်းကဲ့သို့ ကတောက်ကဆဖြစ်သည့်အတွက် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဥရောပသမဂ္ဂ ထိပ်တန်းအရာရှိတစ်ဦးကို မတ် ၁၀ ရက်က ဆင့်ခေါ်ခဲ့သည်။ ဥရောပသမဂ္ဂ၊ ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုတို့သည် ကိုဗစ် –၁၉ ကာကွယ်ဆေးအတွက် သုတေသနရလဒ်များတွင် နက်နက်ရှိုင်းရှိုင်း ရင်းနှီးမြှုပ်နှံခဲ့ပြီး အဆိုပါနိုင်ငံများသည် ကိုဗက်အစီအစဉ်အတွက် အဓိကထောက်ပံ့ရေးနိုင်ငံများဖြစ်ကြသည်။ ကိုဗက်အစီအစဉ်သည် ဆင်းရဲသည့်နိုင်ငံများ ကိုဗစ် –၁၉ ကာကွယ်ဆေးကိုသာတူညီမျှရရှိနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပူးတွဲဦးဆောင်မှုဖြင့် ပြုလုပ်ထားသည့် အစီအစဉ်လည်းဖြစ်သည်။

### ကာကွယ်ဆေးအများစုကို ဝယ်ယူနေကြ

လွန်ခဲ့သည့်လအတွင်းက သမ္မတဂျိုးဘိုင်ဒင်သည် အဆိုပါအစီအစဉ်သို့ အမေရိကန် ဒေါ်လာ ၄ ဘီလီယံ ပေးအပ်သွားမည်ဟု ကတိပြုခဲ့သည်။ တခြားနိုင်ငံများကို လှူဒါန်းမည်ဟု ကတိပြုထားသည့် ပမာဏထက်ပို၍ များပြားသည်။ ယခုအချိန်ထိတိုင်အောင် ဝင်ငွေမြင့်မားသည့် နိုင်ငံများသည် ကိုဗစ် –၁၉ ကာကွယ်ဆေးအများစုကို ဝယ်ယူနေကြသည်။ တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် –၁၉ ကာကွယ်ဆေးထောက်ပံ့ပေးနိုင်မှု၏ ၅၅ ရာခိုင်နှုန်းကို ချမ်းသာသည့်နိုင်ငံများက ဝယ်ယူနေကြသည်။ သို့သော်လည်း ချမ်းသာသည့် နိုင်ငံများသည် ကမ္ဘာ့လူဦးရေ ၏ ၁၆ ရာခိုင်နှုန်းကိုသာ ကိုယ်စားပြုသည်ဟု ဒုခ်တက္ကသိုလ်မှ ကောက်ယူထားသည့် အချက်အလက်များအရ သိရသည်။

### အာရုံစိုက်ကာ လုပ်ဆောင်နေ

ဆင်းရဲသည့်နိုင်ငံအချို့မှာ လုံလောက်သည့် ကာကွယ်ဆေးရရှိနိုင်ရေးအတွက် နှစ်အနည်းငယ် စောင့်ဆိုင်းရဦးမည် ဖြစ်သည်။ ဥရောပသမဂ္ဂ၏ စွပ်စွဲမှုနှင့် ပတ်သက်ပြီး အိမ်ဖြူတော်က မည်သည့်မှတ်ချက်မှ ပြောဆိုခဲ့ခြင်းမရှိပေ။ အမေရိကန်နိုင်ငံသားတိုင်း ကာကွယ်ဆေး လက်လှမ်းမီစေရန် အမေရိကန် သမ္မတဂျိုးဘိုင်ဒင်က အာရုံစိုက်ကာ လုပ်ဆောင်နေသည်ဟု အိမ်ဖြူတော် သတင်းထုတ်ပြန်ရေး အတွင်းရေးမှူး ဂျန်ပဆာကီ က ပြောသည်။ ယင်းအချိန်တွင် မက္ကဆီကိုနှင့် ကာကွယ်ဆေး ဝေမျှရန်ပင် မစဉ်းစားသေးဟု သိရသည်။

### ဆေးတင်ပို့မှု လျှော့ချခဲ့

အမေရိကန်၏ အိမ်နီးချင်းနှစ်နိုင်ငံစလုံးပင် အမေရိကန်နိုင်ငံအတွင်းမှ ထုတ်လုပ်သည့် ကာကွယ်ဆေးကို လုံလောက်စွာရရှိခြင်း မရှိသေးပေ။ မက္ကဆီကို သည် ရုရှားနှင့်တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သည့် ကိုဗစ် –၁၉ ကာကွယ်ဆေးကို မှာယူသည်။ ကနေဒါသည် အိန္ဒိယနိုင်ငံအတွင်း ထုတ်လုပ်သည့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို မှာယူသည်။ အက်စ်ထရာဇနီကာ ကုမ္ပဏီသည် အခြားနိုင်ငံများနှင့် စာချုပ်ကို ပြည့်မီအောင် ပေးနိုင်ရေးအတွက် ဥရောပသမဂ္ဂအပေါ် ဆေးတင်ပို့မှုကို လျှော့ချခဲ့သည်။ ယင်းအတွက် အက်စ်ထရာဇနီကာဆေးများ ဩစတြေးလျနိုင်ငံသို့ ပေးပို့မည်ကို အီတလီက ပိတ်ဆို့ခဲ့သည်။


### ပထမဆုံးအကြိမ် အသုံးပြုခဲ့

ယင်းဖြစ်ရပ်သည် ဇန်နဝါရီလအတွင်း ဥရောပသမဂ္ဂအဖွဲ့ကြီးက ချမှတ်ခဲ့သည့် စည်းမျဉ်းအသစ်ကို အဖွဲ့ဝင်နိုင်ငံတစ်ခုက ပထမဆုံးအကြိမ်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ထုတ်လုပ်သည့် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ပြည်ပသို့တင်ပို့ရာတွင် တင်ပို့ခြင်းမပြုမီ ခွင့်ပြုချက် အရင်တောင်းခံရမည်ဟု ဇန်နဝါရီလအတွင်းက စည်းမျဉ်းအသစ် ထုတ်ခဲ့ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံတွင် ကာကွယ်ဆေးရှစ်သန်း ထိုးပေးခဲ့ပြီး ဖြစ်သည်။ ကာကွယ်ဆေး ၄ ဒသမ ၃ သန်း ပြတ်တောက်ဆဲဖြစ်သည်။

### ရှုပ်ထွေးမှုများနှင့် ရင်ဆိုင်နေရ

နိုင်ငံတစ်ဝန်းရှိ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးရေးစင်တာများတွင် ရှုပ်ထွေးမှုများနှင့် ရင်ဆိုင်နေရသည်။ ကာကွယ်ဆေးထိုးရန် အုပ်စုတွင် မပါဝင်သည့်လူများကို ပြန်လွှတ်နေရကြောင်းသိရသည်။ ဗြိတိန်နှင့်ဥရောပသမဂ္ဂတို့အကြား ကာကွယ်ဆေးနှင့်ပတ်သက်၍ စကားလုံးများ ပြင်းထန်လာသည်။ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့ နှစ်ဖက်စလုံးသည် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကိစ္စကို ဘရက်ဇစ်နှောင်းပိုင်း စမ်းသပ်မှုကိစ္စတစ်ခုအဖြစ် ရှုမြင်ထားကြသည်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှ နုတ်ထွက်သွားသည့် ဗြိတိန်နိုင်ငံအတွက် ကာကွယ်ဆေးပြဿနာတွင် တစ်ဦးတည်းရင်ဆိုင်ဖြေရှင်းရန် ပြုလုပ်သည့်သဘောလည်း ဖြစ်သည်။ ။

ကိုးကား – ဝါရှင်တန်ပို့စ်




မီလန်မြို့ရှိ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးရာစင်တာတွင် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

**“အမေရိကန်၏ အိမ်နီးချင်းနှစ်နိုင်ငံစလုံးပင် အမေရိကန်နိုင်ငံအတွင်းမှ ထုတ်လုပ်သည့် ကာကွယ်ဆေးကို လုံလောက်စွာရရှိခြင်း မရှိသေးပေ။ မက္ကဆီကိုသည် ရုရှားနှင့်တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးကို မှာယူသည်။ ကနေဒါသည် အိန္ဒိယနိုင်ငံအတွင်း ထုတ်လုပ်သည့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို မှာယူသည်။ အက်စ်ထရာဇနီကာ ကုမ္ပဏီသည် အခြားနိုင်ငံများနှင့် စာချုပ်ကိုပြည့်မီအောင်ပေးနိုင်ရေးအတွက် ဥရောပသမဂ္ဂအပေါ် ဆေးတင်ပို့မှုကို လျှော့ချခဲ့”**

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၁ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၁–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၀–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၆၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၄၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၈,၄၉၇) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၁၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၂၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၀၁) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၁-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၈၆၂၁၂၄ | ၂၀၆၄၀၂၇၀ | ၅၄၂၁၉၁ |
| ၂။ | အိန္ဒိယ | ၁၁၂၈၅၅၆၁ | ၁၀၉၃၈၁၄၆ | ၁၅၈၂၁၃ |
| ၃။ | ဘရာဇီး | ၁၁၂၀၅၉၇၂ | ၉၉၁၃၇၃၉ | ၂၇၀၉၁၇ |
| ၄။ | ရုရှား | ၄၃၆၀၈၂၃ | ၃၉၅၉၅၃၃ | ၉၀၇၃၄ |
| ၅။ | ဗြိတိန် | ၄၂၃၄၉၂၄ | ၃၃၄၈၄၈၉ | ၁၂၄၉၈၇ |
| ၆။ | ပြင်သစ် | ၃၉၆၃၁၆၅ | ၂၆၉၀၁၉ | ၈၉၅၆၅ |
| ၇။ | စပိန် | ၃၁၇၈၄၄၂ | ၂၈၂၃၄၃၃ | ၇၁၉၆၁ |
| ၈။ | အီတလီ | ၃၁၂၃၃၆၈ | ၂၅၃၅၄၈၃ | ၁၀၀၈၁၁ |
| ၉။ | တူရကီ | ၂၈၂၁၉၄၃ | ၂၆၄၉၈၆၂ | ၂၉၂၂၇ |
| ၁၀။ | ဂျာမနီ | ၂၅၃၂၈၅၅ | ၂၃၃၇၀၀၀ | ၇၃၂၇၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁ – ၃ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၀၃၇၂၂ | ၁၂၂၄၆၀၃ | ၃၈၀၄၉ |
| ဖိလစ်ပိုင် | ၆၀၇၀၄၈ | ၅၄၆၆၇၁ | ၁၂၆၀၈ |
| မလေးရှား | ၃၁၉၃၆၄ | ၃၀၀၆၂၀ | ၁၂၀၀ |
| မြန်မာ | ၁၄၂၁၁၄ | ၁၃၁၇၂၂ | ၃၂၀၁ |
| စင်ကာပူ | ၆၀၀၇၀ | ၅၉၉၁၁ | ၂၉ |
| ထိုင်း | ၂၆၅၉၈ | ၂၆၀၀၀ | ၈၅ |
| ဗီယက်နမ် | ၂၅၃၃ | ၂၀၄၈ | ၃၅ |
| ကမ္ဘောဒီးယား | ၁၁၆၃ | ၅၉၇ | ၁ |
| ဘရူနိုင်း | ၁၉၂ | ၁၈၃ | ၃ |
| လာအို | ၄၈ | ၄၂ | ၀ |

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့် တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်၊ လောက်ကိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုင်းရယ်မြို့နယ်၊ မန်တုံမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် ဟိုပန်မြို့နယ်များရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ညောင်ရွှေမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်းတယမြို့နယ်၊ မိုးဗြဲမြို့နယ်၊ အင်တောမြို့၊ ခိုလမ်မြို့၊ လွိုင်လင်မြို့၊ နမ့်စမ်မြို့၊ မိုင်းရှူးမြို့၊ လင်းခေးမြို့၊ ကွန်ဟိန်းမြို့၊ မောက်မယ်မြို့၊ မိုးနဲမြို့၊ မိုင်းပန်မြို့နှင့် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နှင့် ဘောလခဲမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ သာသနာ့နွယ်ဝင်သီလရှင်များအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ကျောက်တံခါးမြို့၊ ပြည်မြို့၊ ရွှေတောင်မြို့၊ သဲကုန်းမြို့၊ ပေါင်းတည်မြို့၊ ပေါက်ခေါင်းမြို့နှင့် ရွှေကျင်မြို့များအတွင်းရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက အသီးသီးသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်/ ကျေးရွာ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြ၍ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များ ဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများ ရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင် တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်မှု ယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့ရှိ အမှတ် (၄) ရပ်ကွက် ရပ်ကွက်၊ စီမံအုပ်ချုပ်ရေးမှူးရုံး၊ ဘုတ်ပြင်းမြို့နယ်၊ နို့ငါးကျေးရွာအုပ်စု၊ ကော့ဗမာကျေးရွာအုပ်စုနှင့် မသေကျေးရွာ အုပ်စုများရှိ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများ၊ တနင်္သာရီမြို့နယ် ပဝ ကျေးရွာအုပ်စုနှင့် အရှေ့မော်တုန်းကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံး၊ ပုလောမြို့နယ် ကျောက်လုံးကြီး ကျေးရွာအုပ်စု၊ ဆင်ထိုးကြီး ကျေးရွာအုပ်စု၊ ရှမ်းခွတ်ကျေးရွာအုပ်စု၊ ပုလောကုန်းကျေးရွာအုပ်စုနှင့် မီးချောင်းသိုက်ကျေးရွာ အုပ်စုများရှိ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများ၊ ရေဖြူမြို့နယ် နတ်ကြီးစင်ကျေးရွာ၊ ဖားချောင်းကျေးရွာနှင့် မင်းသားကျေးရွာများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူး ရုံးများ၊ သရက်ချောင်းမြို့နယ် ပြင်းဖြူသာကျေးရွာနှင့် ပြင်းဖြူကြီးကျေးရွာ



များရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ လောင်းလုံးမြို့နယ် ညင်းဖော်ကျေးရွာ၊ ရေဖြူကျေးရွာ၊ ကဒက်ကြီးကျေးရွာ၊ ပြင်းချောင်းကျေးရွာ၊ သပြေချောင်ကျေးရွာ၊ သကျက်တောကျေးရွာ၊ ဇလွတ်ကျေးရွာ၊ ကျောက်မတ္တာပ်ကျေးရွာနှင့် ကျောက်နီမော်ကျေးရွာများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၊ ပုတီးကုန်းကျေးရွာနှင့် နင်းကြမ်းကျေးရွာများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိ/ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည် ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာစီမံ အုပ်ချုပ်ရေးမှူး ရုံးများအားအသီးသီး ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ်၊ တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရပ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၁**

COVID-19 ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေး ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန် ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၊ မြို့လှမြို့နှင့် ရေနီမြို့တို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်းစီ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ယနေ့တွင်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့ရှိ မြန်မာနိုင်ငံ မီးသတ် တပ်ဖွဲ့ဝင်များအတွက် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း အသီးသီးသွားရောက် တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာ များကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက် ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အမ်း- စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်တွင်လည်းကောင်း၊ ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင်လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## Quarantine Center များတွင်ထားရှိသည့် မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန် မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ COVID- 19 ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိသည့် Quarantine Center ၌လည်းကောင်း၊ အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ ရေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားရေလုပ်သား ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် နယ်မြေခံတပ်ရင်းရှိ COVID- 19 ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိသည့် Quarantine Center ၌လည်းကောင်း အသီးသီးထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက် ရှိသည်။



ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန်မြန်မာနိုင်ငံသားများအား တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် Quarantine ထားရှိပြီးပါက ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီး မြို့နယ်အချို့တွင် ဆူပူအကြမ်းဖက်ဆန္ဒပြသူများကို ဥပဒေနှင့်အညီ လူစုခွဲဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

တိုင်းဒေသကြီး မြို့နယ်အချို့တွင် ဆူပူအကြမ်းဖက်ဆန္ဒပြသူများကို ဥပဒေနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နံနက် ၉ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သုခမြိုင်ဘုန်းတော်ကြီးကျောင်းရှေ့၌ ဆူပူဆန္ဒပြသူအင်အား ၅၀ ခန့်သည် နိုင်ငံတော်ဆန့်ကျင်ရေးကြွေးကြော်သံများ စုဝေးအော်ဟစ်နေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လူစုခွဲရန် ဥပဒေနှင့်အညီ အကြိမ်ကြိမ်သတိပေးသော်လည်း လူစုခွဲခြင်းမရှိဘဲ ဆက်လက်ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရာ လူစုကွဲသွားခဲ့ပြီး ဆူပူအော်ဟစ်ဆန္ဒပြသူအမျိုးသား ၂ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။



### ရဲစခန်းကို အကြမ်းဖက်စီးနင်း

ဆက်လက်၍ နံနက် ၁၀ နာရီကျော်ခန့်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူ အင်အား ၁၀၀ ခန့်သည် မြိုင်မြို့မ ရဲစခန်းရှေ့သို့ စုဝေးရောက်ရှိလာပြီး ရဲစခန်းနှင့် တပ်ဖွဲ့ဝင်များအား လေးခွ၊ ကုန်းသီး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကာ ရဲစခန်းအတွင်းသို့ အကြမ်းဖက် စီးနင်းဝင်ရောက်လာကြသဖြင့် ရဲတပ်ဖွဲ့မှ ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ဆူပူအကြမ်းဖက်ဝင်ရောက်သူများထဲမှ အမျိုးသား ၁ ဦး(စိစစ်ဆဲ) သေဆုံးကာ ဆူပူအကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။

ဖြစ်စဉ်တွင် ဆူပူသူများ၏ စီးနင်းဝင်ရောက်အကြမ်းဖက်ခဲ့မှုကြောင့် မြိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင် ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမှုဖွင့်၍ ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိသည်။

အလားတူ နံနက် ၁၁ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၅) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း၌ ဆူပူအော်ဟစ်ဆန္ဒပြသူ လူစုလူဝေးအင်အား ၅၀ ခန့်သည် အများပြည်သူသွားလာနေသည့် လမ်းမအား သွားလာ၍ မရအောင် အတားအဆီးများပြုလုပ်၍ ဆူပူအော်ဟစ်စုဝေးဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးဖြေလျှော့ခဲ့သော်လည်း ဆူပူဆန္ဒပြသူလူအုပ်စုမှ လိုက်နာဆောင်ရွက်မှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆူပူအော်ဟစ်ဆဲဆိုကာ အုတ်ခဲ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်အကြမ်းဖက်ခဲ့ကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်အညီ ပစ်ခတ်ထိန်းသိမ်းလူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ အမျိုးသား ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် ချစ်မင်း (၂၅ )နှစ်၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) နေသူမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ထို့အပြင် မတ် ၁၀ ရက် ည ၈ နာရီခန့်တွင် ညောင်တုန်းမြို့ (၃) ရပ်ကွက် အိုးအိမ်ဝန်ထမ်းအိမ်ရာတိုက်ခန်းရှေ့၌ ရပ်ထားသော တရားရေးအရာရှိ ၁ ဦး၏ မော်တော်ယာဉ်အား ဆူပူအကြမ်းဖက်လိုသူ အမျိုးသားတစ်ဦးက ခဲတ်ဆီဘူးဖြင့် ပစ်ပေါက်မီးရှို့ထွက်ပြေးခဲ့သဖြင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်တုန်းမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အမှုဖွင့်စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဖော်ပြပါ ဖြစ်စဉ်သည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေသော ကျူးလွန်မှုဖြစ်ပြီး အကြမ်းဖက်ဆောင်ရွက်လိုသူ မသမာသူအချို့သည် ဥပဒေဘောင်အတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ပြည်သူလူထုများနှင့် နိုင်ငံ့ဝန်ထမ်းများအား ထိတ်လန့် စိုးရွံ့စေရန် အဖျက်အမှောင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

### ညမထွက်ရအမိန့် လိုက်နာမှုမရှိ

အလားတူ မတ် ၁၀ ရက် ည ၁၀ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ပေါ်ရပ်ကွက်များအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းတာဝန်များ ဆောင်ရွက်စဉ် နယ်မြေ (၄)၊ ဈေးလမ်းအရောက်၌ ညမထွက်ရဒေသန္တရအမိန့် ထုတ်ပြန်ထားမှုအပေါ် လိုက်နာမှုမရှိဘဲ ဆူပူသူအင်အား ၈၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို တုတ်၊ ဓား၊ ပေါက်ချွန်း၊ လေးခွများဖြင့် ပစ်ခတ်၍ အော်ဟစ်ဆဲဆို ဝင်ရောက်လုံးထွေးအကြမ်းဖက်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ည ၁၀ နာရီခွဲအချိန်တွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူ စိုးဝင်း (၄၉) နှစ်၊ ချမ်းမြေ့အောင်ရပ်ကွက်၊ ကလေးမြို့နယ်နေသူ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကာ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၆၂၃၁၀ ဦး၊ အတွင်းလူနာ ၃၇၉၇ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များနေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၇၇၀ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၄၉၅ ဦး၊ စုစုပေါင်း ၄၂၆၅ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၅၅၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၄၀၁ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၃၉၅၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်တားဆီးနှောင့်ယှက်သူ လူစုလူဝေးအား ခြောက်လှန့်ပစ်ခတ်ဖြိုခွဲ

**နေပြည်တော် မတ် ၁၁**

ပဲခူးမြို့ မဇင်းရပ်ကွက် မဇင်း(၁) လမ်းထိပ်၌ မီးရထားဝန်ထမ်း တင်မောင်ထွန်း(စိစစ်ဆဲ) ဦးဆောင်သော ဆူပူဆန္ဒပြသူ ၂၀၀ ခန့်သည် ယနေ့နံနက် ၁၀ နာရီခန့်တွင် အများပြည်သူ အသုံးပြုသော လမ်းမပေါ်တွင် အတားအဆီးများ ပြုလုပ်ပိတ်ဆို့ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လူစုခွဲရန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အသိပေးဆောင်ရွက်ခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ ဆက်လက်ဆူပူအော်ဟစ် ဆန္ဒပြနေကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူဆန္ဒပြသူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၄ ဦး စုစုပေါင်း ၂၁ ဦးနှင့် မော်တော်ယာဉ် ၁ စီးတို့အား ဖမ်းဆီးသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာရှိတားဆီးပိတ်ဆို့ထားသည့် အတားအဆီးများအား ဖယ်ရှားရှင်းလင်းခဲ့ရာ ဆူပူဆန္ဒပြသူများ ထွက်ပြေးစဉ် ကျန်ရစ်ခဲ့သည့် အလျား ၆ လက်မခန့်၊ အချင်း ၂ လက်မခန့်ရှိ ကော်ပိုက်/ စနက်တံတို့ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ၁ လုံး သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ လမ်းမပေါ်ရှိ အတားအဆီးများအား ဖယ်ရှားရှင်းလင်းနေစဉ် ဆူပူဆန္ဒပြသူ ၁၀၀ ဦးခန့်သည် ဓား၊ လှံ၊ တုတ်များကိုင်ဆောင်လျက် ထပ်မံရောက်ရှိလာကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထွက်ခွာ၍ မရအောင် လမ်းများပိတ်ဆို့ခြင်း၊ တာယာများ၊ ထင်းများပုံ၍ မီးရှို့ခြင်း၊ လေးခွ၊ ဂျင်ကလိ၊ အုတ်ခဲများဖြင့် ပစ်ခတ်ခြင်း၊ တပ်ဖွဲ့ဝင်များအား အတင်းဝင်လုံး၍ လက်နက်လုယက်ခြင်းများ ပြုလုပ်လာကြသဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ အကြမ်းဖက်သူ အမျိုးသား ၂ ဦး (စိစစ်ဆဲ) ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမျိုးသား ၁ ဦး (စိစစ်ဆဲ) ဒဏ်ရာရရှိကာ အမျိုးသား ၁ ဦး (စိစစ်ဆဲ) သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များအား တာဝန်ဝတ္တရား ဆောင်ရွက်၍ မရအောင် အကြမ်းဖက်တားဆီးနှောင့်ယှက်သူ လူအုပ်စုအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တာလေမြို့တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းညှိနှိုင်းဆွေးနွေး

**တာလေ မတ် ၁၁**

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

တာလေမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုမရှိစေရေးနှင့် ရောဂါကူးစက်မှုများမဖြစ်ပေါ်စေရန် ကာကွယ်ဆေးထိုးနှံပေးရန်အတွက် အခက်အခဲမရှိ လုပ်ငန်းများဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးချစ်ကို၏ ဦးဆောင်ဆွေးနွေးမှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာ ရေးဌာနတာဝန်ခံဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ဆွေးနွေးကြကြောင်း သိရသည်။

**အောင်ကျော်မိုး ( ပြန်/ဆက်)**




# ဈေးကွက်တည်ငြိမ်မှုရှိပြီး ပုံမှန်ဝင်ငွေရစေသည့် တိုင်ထောင်ပဲကို စိုက်ပျိုးလာ

**ရန်ကုန် မတ် ၁၁**

ဈေးကွက်တည်ငြိမ်မှုရှိပြီး ပုံမှန်ဝင်ငွေရစေသည့်အတွက် တိုင်ထောင်ပဲကို စိုက်ပျိုးလာကြကြောင်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ တောင်သူများထံမှ သိရသည်။

"ကျွန်တော် တိုင်ထောင်ပဲကို ၂၀၁၅ ခုနှစ်ကတည်းက စတင်စိုက်ပျိုးခဲ့ပါတယ်။ အဲဒီပဲကို စိုက်ပျိုးရတဲ့ အကြောင်းရင်းကတော့ သူကစိုက်ပျိုးရတာ လွယ်ကူတယ်။ ဈေးကွက်တည်ငြိမ်မှုရှိတဲ့အပြင် ပုံမှန်ဝင်ငွေလည်းရစေပါတယ်။ တိုင်ထောင်ပဲကို မြေအောက်ရေရရှိတဲ့ မြေနှစ်ဧကပေါ်မှာ ၀ ဒသမ ၅ ဧကစီ ပိုင်းပြီး ဆုပ်တက်စနစ်နဲ့ စိုက်ပျိုးထားပါတယ်။ နှစ်ပတ်လည်လုံး စိုက်ပျိုးတာပါ"ဟု တိုင်ထောင်ပဲ စိုက်ပျိုးသူ ကိုဇေယျာလင်းက ပြောသည်။

တိုင်ထောင်ပဲမှာ စိုက်ပျိုးရာတွင် စိုက်ပျိုးနည်းစနစ် လွယ်ကူသည့်အပြင် စိုက်ပျိုးကုန်ကျစရိတ်လည်း သင့်တင့်မျှတကြောင်း ကိုယ်တိုင် စိုက်ပျိုးသူများထံမှ သိရသည်။

**ဆေးအလှည့်ကျသုံးစွဲ**

"ကျွန်တော်တို့ဒေသအနေနဲ့ တိုင်ထောင်ပဲ စိုက်တဲ့အခါ မစိုက်မီ မြေပြင်တဲ့အချိန်မှာ ၀ ဒသမ ၅ ဧကအတွက် နွားချေးငါးစီးနှုန်း ထည့်သွင်းပါတယ်။ စိုက်ပျိုးရာမှာ တန်းကြား ၂ ဒသမ ၅ ပေထားပေါင်တင်ပြီး ပင်ကြားကိုတော့ ၂ ဒသမ ၅ ပေ ထားပါတယ်။ စိုက်ကျင်းတစ်ကျင်းကို မျိုးစေ့နှစ်စေ့နှုန်း ထည့်သွင်းစိုက်ပျိုးပါတယ်။ ပေါင်တင်ချိန်မှာ ၁၅ ပတ်လည် အိတ်တစ်ဝက်နဲ့ ပုလဲအိတ်တစ်ဝက် ထည့်သွင်းပါတယ်။ စိုက်ပျိုးပြီး နောက်ပိုင်းမှာတော့ မြေဩဇာကို လိုအပ်သလို ထပ်မံသုံးစွဲပါတယ်။ အပင်ငယ်စဉ်မှာ ခါးရိရောဂါကျရောက်မှုအတွက် မှိုသတ်ဆေးသုံးစွဲပါတယ်။ စုပ်စားပိုးအတွက်ကတော့ ၁၀ ရက်ခြားတစ်ကြိမ် ဆေးအလှည့်ကျ သုံးစွဲပါတယ်။ ပွင့်ထွေးပိုးနဲ့ သီးလုံးဖောက်ပိုးအတွက်တော့ ဆေးကို လိုအပ်သလို သုံးစွဲပါတယ်။ ရေကိုတော့ ငါးရက်ကနေ ခုနစ်ရက်ခြား သွင်းပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

တိုင်ထောင်ပဲ မျိုးတစ်ထုပ်လျှင် ငွေကျပ် ၃၀၀၀ ဈေးနှုန်းရှိပြီး ၀ ဒသမ ၅ ဧက စိုက်ပျိုးပါက သွင်းအားစုစရိတ်၊ ဝါးဖိုး၊ အလုပ်သမားခ စုစုပေါင်း ငွေကျပ်ငါးသိန်းဝန်းကျင်ကုန်ကျကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁- ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၆၀ | ၅၅၈၀၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၁ | ၃၆၀၀ |
| MCB | – | – | – | – |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၂၅၀ | ၃၂၅၀ | ၃၀ | ၉၇၅၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၁၁**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ် ရွှေသင်္ကန်းတော် ကပ်လှူခြင်း လုပ်ငန်းစီမံချက်အရ ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံ ယူပွဲကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်၊ ရှေးဟောင်းရုပ်ပွားတော် တန်ဆောင်း၌ ကျင်းပသည်။

ယခင်က ရွှေသင်္ကန်းကပ်လှူရန် ကျန်ရှိသော ဧရိယာများ၌ ဂါဝီဆိုဒ်မျိုးစုံ ကြေးပြား အချပ်ရေ ၁၂၀၀၀ကျော်၊ ရွှေသင်္ကန်းကပ်လှူရန်လုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းများ ဆိုင်းငံ့ထားခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ လူအင်အား ၅၀ခန့်အထိ စုစည်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရှိရ၍ Gold Coating ကပ်လှူခြင်း လုပ်ငန်းအားလည်းကောင်း၊ ကြေးဝန်း ၅ ဆင့်ရှိ ရွှေပြားသင်္ကန်းတော်များကို လိုအပ်သည့် နေရာများအား အဆင့်ဆင့်ရောင်တော်ဖွင့်ခြင်း၊ ကုသိုလ်ယူ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ငြိမ်းစေတီ စနစ်တကျတည်ဆောက်၍ ပွင့်လင်းရာသီအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပိုမိုကြည်ညို သပ္ပာယ်ဖွယ်ရာဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဩဝါဒဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## ညအပူချိန်များ

**နေပြည်တော် မတ် ၁၁**

ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် နှစ်ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် သုံးဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မိုး/ဇလ



## ဒက္ခိဏခရိုင်နှင့် ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသို့ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏခရိုင်နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများသို့ စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် နိုင်ငံတော်၏ တာဝန်များကို အခြေအနေအရ လွှဲပြောင်းရယူခဲ့ရပြီးနောက်ပိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ နိုင်ငံတော်ကို သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ယိမ်းယိုင်မှုမရှိစေရန် ကိုယ်စီတာဝန်များ ကျေပွန်စွာထမ်းဆောင်နေကြသည့်အပေါ် အထူးပင် ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ် (၅) ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်သည့်အတွက် အုပ်ချုပ်ရေးယန္တရား၏ အဓိကကျသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများ အောင်မြင်ရန်အတွက် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများမှာ ခေတ်အဆက်ဆက် မည်သည့်အစိုးရ၊ မည်သို့သော အုပ်ချုပ်ရေး စနစ်မျိုးမှာပဲဖြစ်ဖြစ် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအဖြစ် ကျရာအခန်းကဏ္ဍတွင် တာဝန်သိသိ သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ပိုမိုအားကောင်းခိုင်မာအောင် ဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် က CDM လှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိဘဲ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ လုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဒက္ခိဏခရိုင်နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသို့ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယနေ့ ကျင်းပသည့် စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် ဒက္ခိဏခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၅၂ ဦးနှင့် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၅ ဦး စုစုပေါင်းဝန်ထမ်း ၈၇ ဦးတို့အတွက် ငွေကျပ် ၁၂၁၉၉၀၀ တန်ဖိုးရှိ ဆန်၊ စားသုံးဆီ၊ ကြက်ဥနှင့် ကြက်သွန်များကို ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာအလုပ်သမား ၁၀၈၆ ဦးကို စားစရိတ်ငွေနှင့် ပစ္စည်းများထောက်ပံ့ပေးအပ်

**ရန်ကုန် မတ် ၁၁**

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရောက်ရှိလာသော မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စားစရိတ်ငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာအလုပ်သမား ၁၀၈၆ ဦးအတွက် စုစုပေါင်း စားစရိတ်ငွေကျပ် ၂၂၈၀၆၀၀၀ ကို ပေးအပ်ရာ အလုပ်သမားကိုယ်စားလှယ်နှစ်ဦးက လက်ခံ ရယူသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဦးသန်းစိုးက တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်း ၉ မျိုးကို လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ်မှူး ဒုတိယ



ဗိုလ်မှူးကြီး လင်းထွန်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ တီရှပ် တစ်ထည်စီကို လည်းကောင်း ပေးအပ်ရာ အလုပ်သမားကိုယ်စားလှယ်များက လက်ခံရယူပြီး အလုပ်သမား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မလေးရှားပြန်မြန်မာ အလုပ်သမား ၁၀၈၆ ဦးအတွက် တစ်ဦးလျှင် တစ်နေ့ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၇ ရက်စာအတွက် ငွေကျပ် ၂၁၀၀၀ စုစုပေါင်းစားစရိတ် ငွေကျပ် ၂၂၈၀၆၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော တစ်ကိုယ်ရေသန့်ရှင်းသုံးပစ္စည်း ၉ မျိုးနှင့် Surgical Mark ၅၄၃ ဘူး၊ Face Shield ၁၀၈၆ ခု၊ Hand Gel ဘူး ၃၀၀ နှင့် ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တီရှပ် အထည် ၁၀၈၆ ထည်ကို တစ်ဦးချင်းအလိုက် ပေးအပ်ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ဆောင်လာစဉ် သင်္ဘောပေါ်၌ ကျားလုံချည် ၉၉၀ ထည်၊ မလုံချည် ၉၅ ထည်၊ တီရှပ် ၁၀၈၆ ထည်၊ တဘက် ၁၀၈၆ ထည်၊ ဆပ်ပြာ ၁၀၈၆ တောင့် တို့ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာ အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ ရုံးတက်ရောက်၊ ပျက်ကွက်မှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ ရုံးတက်ရောက်၊ ပျက်ကွက်မှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်စေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျရာအခန်းကဏ္ဍမှ တာဝန်သိသိဖြင့် မိမိတို့ဌာန လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်လည်ပတ်စေရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း CDM တွင် ပါဝင်ပြီး လုပ်ငန်းခွင်ဝင်ရောက်ရန် ပျက်ကွက်နေကြသည့် ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် နေပြည်တော်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်၍ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



# တောင်ကုတ်မြို့နယ်တွင် ဆိပ်ခံတံတား၊ ကုန်ထုတ်လမ်းနှင့် ကျေးလက်အိမ်ရာများတည်ဆောက်

**မအီ မတ် ၁၁**

တောင်ကုတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းမြင့်နိုင်တို့သည် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၀၇ သန်းဖြင့် တည်ဆောက် လျက်ရှိသည့် တောင်ကုတ်မြို့နယ် အရှေ့ဘက်ကျေးရွာတွင် ဆိပ်ခံ တံတားနှင့် ကုန်ထုတ်လမ်းကျောက်စရစ်ခင်းခြင်းလုပ်ငန်း များ စတင်ဆောင်ရွက်နေမှုကို ယမန်နေ့က ကွင်းဆင်းစစ်ဆေး ကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီး မှူးနှင့် အဖွဲ့သည် တောင်ကုတ်မြို့နယ် ငှက်ပြောတောကျေးရွာ တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြု ရန်ပုံငွေကျပ် ၆၀ ဒသမ ၅၅သန်းဖြင့် တည်ဆောက်လျက်ရှိသည့် ကျေးလက်အိမ်ရာ ခုနစ်လုံး တည်ဆောက်ပြီးစီးမှုနှင့် တောင်ကုတ်မြို့နယ် ငရုတ် တောင်ကျေးရွာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၅ ဒသမ ၂၁၂ သန်းဖြင့် ကုန်ထုတ်လမ်း ချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကိုလည်း ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ငှက်ပြောတော ကျေးရွာမှ ကျေးလက်အိမ်ရာ ခုနစ်လုံးမှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးမှုရှိပြီး ငရုတ်တောင်ကျေးရွာကုန်ထုတ်လမ်းမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ဖော်ပြပါ လုပ်ငန်းများကို စစ်တွေ မြို့နယ်အခြေစိုက် စောဝတီကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေး လက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တောင်ကြီးမြို့ပေါ်ရှိ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုကို ကြည့်ရှုအားပေး

**တောင်ကြီး မတ် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံပေးမှုကို မတ် ၁၀ ရက်က စတင်၍ မြို့ပေါ်ရှိ ဒေသခံပြည်သူများအား ထိုးနှံပေးလျက်ရှိသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းသည် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဦးနေလင်း၊ သက်ဆိုင်ရာဌာနများနှင့် အတူ မတ် ၁၁ ရက် နံနက် ၉နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလာရောက် ထိုးနှံနေမှုနှင့် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများ၊ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလာရောက် ထိုးနှံမှုကို ကြည့်ရှုကာ အားပေးစကား ပြောကြားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ အောက်ဆီဂျင် ပမာဏပါဝင်မှု တိုင်းတာပေးခြင်း၊ မူလရောဂါအခံရှိ မရှိ စသည်တို့ကို စမ်းသပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုများကို စင်တာငါးခုဖြစ်သည့် တောင်ကြီးမြို့ မြို့တော်ခန်းမ၊ အေးသာယာ၊ ဟဲကယ်၊ နောင်ကား၊ စဝ်စံထွန်း ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားပြီး ဆရာတော် သံဃာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် အဘိုး အဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၊ လူမျိုးမရွေး ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးရုံ အသီးသီးမှ ပါရဂူများနှင့် ဝန်ထမ်းများက ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# ပုဂံမြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်း၌ အခမဲ့ဆေးခန်းဖွင့်လှစ် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေး

**ပုဂံ မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ မိုးကုတ် ဝိပဿနာရိပ်သာကျောင်းတိုက်တွင် ပုဂံဒေသခံများ ပရဟိတအသင်းက ဦးဆောင်ကာ မတ် ၉ ရက်မှ စတင်ပြီး အရေးပေါ်ကူညီ ကယ်ဆယ်ရေး အခမဲ့ယာယီဆေးခန်း ဖွင့်လှစ်၍ ပုဂံညောင်ဦးမြို့ပေါ်ရှိ ဒေသခံပြည်သူများနှင့် ကျေးရွာများမှ ဒေသခံပြည်သူများ သက်ရှည် ကျန်းမာစေရေးအတွက် လိုအပ်သော ကျန်းမာရေးကိစ္စရပ်များကို အဆင်ပြေစွာ ကုသဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထိုသို့ အရေးပေါ်ကူညီ ကယ်ဆယ်ရေး အခမဲ့ ယာယီ ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်း ဆရာဝန်၊ ဆရာမများ ပူးပေါင်း၍ လာရောက်ပြသသူများကို လိုအပ်သောကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် အရေးပေါ် ကျန်းမာရေး ကိစ္စရပ်များနှင့် အထွေထွေ ကျန်းမာရေး ကိစ္စရပ်များ ဖြစ်ပေါ်လာပါက အခက်အခဲမရှိ အဆင်ပြေစွာ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် ကျန်းမာရေးကိစ္စနှင့် ပတ်သက်ပြီး အခက်အခဲရှိပါက ပုဂံဒေသခံများ ပရဟိတအသင်း ဖုန်း - ၀၉ -၄၅၀၀၃၈၅၄၃ နှင့် ၀၉- ၇၉၄၈၅၆၇၆၈ သို့ လည်းကောင်း၊ သက်တော်ရှည် ပရဟိတအသင်း ဖုန်း - ၀၉-၂၆၀၀၆၇၉၆၂ နှင့် ၀၉ ၄၀၂၇၈၇၀၀၅ သို့ လည်းကောင်း ၊ BNU Family ပရဟိတ အသင်း ဖုန်း - ၀၉- ၄၀၄၂၂၁၈၄၀ နှင့် ၀၉ - ၂၅၈၀၆၅၆၄၄ သို့ လည်းကောင်း ဆက်သွယ် အကူအညီ တောင်းခံနိုင်ကြောင်းနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင် ပြည်သူများအနေဖြင့်လည်း ပုဂံညောင်ဦးမြို့ပေါ်ရှိ ဒေသခံပြည်သူများနှင့် ကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူများ စိတ်အေးချမ်းသာစွာ ကျန်းမာရေး ပြုစုကုသနိုင်ရေး အတွက် လိုအပ်သော ဆေးဝါးများ၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလှူဒါန်းလိုပါက အထက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဆင်ခြင်တုံတရားလက်ကိုင်ထား လူငယ်လူရွယ်များ

**သိဒ္ဓိအောင်**

လောကမှာ ကျင်လည်ရှင်သန်ရာမှာ သတိပညာဆိုတဲ့ ဆင်ခြင်တုံတရားကို လက်ကိုင်ထားရမှာဖြစ်ပါတယ်။ ဆင်ခြင်တုံတရားကင်းမဲ့တဲ့ ဆောင်ရွက်ပြုမူမှုတွေဟာ အကျိုးရရှိစေမှာထက် အပြစ်တွေကိုသာ ရှေးရှုစေတတ်တာကြောင့် အသိရှိရှိ သတိရှိရှိနဲ့ လိုက်နာနေထိုင်ဖို့ လိုအပ်ပါတယ်။

ဆင်ခြင်တုံတရားရှိဖို့ဆိုရင် ကြောင်းကျိုး ဆင်ခြင်ဉာဏ်ရယ်၊ အသိပညာဗဟုသုတရယ် ရှိနေဖို့ လိုအပ်ပါတယ်။ အကြောင်းအရာတွေကို သုံးသပ်နိုင်၊ ခွဲခြမ်းစိတ်ဖြာနိုင်၊ ဆက်စပ်တွေးခေါ်နိုင်တဲ့ ဆင်ခြင်တုံတရားရှိနေရင်တောင် အတ္တတွေ၊ အစွဲတွေရဲ့ လွှမ်းမိုးမှုအရိပ်အောက်က လွတ်ဖို့အတွက် သတိတို့၊ သတ္တိတို့ ရှိနေရမှာ ဖြစ်ပါတယ်။ အရေးကြီးတာက ‘ငါလည်း မှားနိုင်တယ်’ဆိုတဲ့ အချက်ကို နှလုံးသွင်းထားနိုင်ဖို့ပါပဲ။

**သတိထားဖို့ လိုအပ်**

နည်းပညာထွန်းကားတဲ့ ယနေ့ကမ္ဘာကြီးမှာ အကြောင်းအရာတစ်ခုကို သိကြားမြင်တွေ့လိုက်တယ်ဆိုတိုင်း ရာနှုန်းပြည့်မှန်ကန်တယ်လို့ ယုံကြည်လို့ မရပါဘူး။ အဖြစ်အပျက်တွေကို ဦးစွာဆင်ခြင်ပြီးမှ လက်ခံယုံကြည်ရမှာ ဖြစ်သလို ပြန်လည်မျှဝေခြင်းကိုလည်း ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ကနေ့ မြန်မာနိုင်ငံရဲ့ မြို့အချို့က လမ်းမကြီးတွေပေါ်မှာ ဖျက်လိုဖျက်ဆီးစိတ်ဓာတ်နဲ့ စုရုံးဆူပူကာ မင်းမဲ့စရိုက်ဆန်စွာ ပြုလုပ်နေကြသူတချို့ဟာ သွေးထိုး လှုံ့ဆော်မှုတွေကြားထဲ မြှောက်ပင့်ပေးတိုင်း အော်ဟစ်နေကြတာကို တွေ့မြင်နေရပါတယ်။ ဥပဒေမဲ့လုပ်ရပ်တွေကို အများပြည်သူဆိုင်ရာလမ်းမကြီးတွေမှာ ပြုလုပ်နေကြသူတွေကြောင့် ဆင်ခြင်တုံတရားကင်းမဲ့တဲ့ လူ့အဖွဲ့အစည်းအဖြစ် ရောက်ရှိသွားနိုင်တယ်ဆိုတာ ဆန္ဒပြဆူပူသူတိုင်း သတိထားဖို့ လိုအပ်ပါတယ်။

အဖွဲ့အစည်းတစ်ခု ထွန်းကားဖို့ဆိုရင် ဆွေးနွေး၊ မေးမြန်း၊ စူးစမ်း၊ ရှာဖွေ၊ လေ့လာမှုတွေ ရှိနေရမှာ၊ ပြုလုပ်နေရမှာ ဖြစ်ပါတယ်။ အကြောင်းအရာကိစ္စတွေရဲ့ အမှန်တကယ် ဖြစ်စဉ်ကို သိရှိအောင် မေးမြန်းစူးစမ်း လေ့လာခြင်းမရှိဘဲ သွေးထိုး လှုံ့ဆော်မှုတွေကြားမှာ ဝေဝါးယောင်မှားနေမယ်ဆိုရင် အနာဂတ်တို့၊ လွတ်လပ်မှုတို့၊ ဂုဏ်သိက္ခာတို့၊ တည်ငြိမ်မှုတို့နဲ့ ဝေးကွာသွားမှာဖြစ်ပြီး အေးချမ်းသာယာခြင်းဆိုတာကိုပါ ဆုံးရှုံးသွားနိုင်တယ်ဆိုတာ သတိချပ်သင့်ပါတယ်။

**ဆင်ခြင်တုံတရားရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်**

ဆင်ခြင်တုံတရားရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ဆိုရင် အဂတိတရားလေးပါးကို သိရှိပြီး လိုက်နာကျင့်သုံးနေထိုင်ကြဖို့ လိုအပ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားက သိင်္ဂါလလုလင်အား အဂတိတရားလေးပါးကို မလိုက်စားအပ်ကြောင်း မဟာကရုဏာတော်ဖြင့် ဆုံးမတော်မူခဲ့ရာ ယင်းအဂတိတရားလေးပါးမှာ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ တို့ပဲ ဖြစ်ပါတယ်။

> “ဆင်ခြင်တုံတရားရှိဖို့ဆိုရင် ကြောင်းကျိုး ဆင်ခြင်ဉာဏ်ရယ်၊ အသိပညာဗဟုသုတရယ် ရှိနေဖို့လိုအပ်ပါတယ်။ အကြောင်းအရာတွေကို သုံးသပ်နိုင်၊ ခွဲခြမ်းစိတ်ဖြာနိုင်၊ ဆက်စပ်တွေးခေါ်နိုင်တဲ့ ဆင်ခြင်တုံတရားရှိနေရင်တောင် အတ္တတွေ၊ အစွဲတွေရဲ့ လွှမ်းမိုးမှုအရိပ်အောက်က လွတ်ဖို့အတွက် သတိတို့၊ သတ္တိတို့ရှိနေရမှာ ဖြစ်ပါတယ်။ အရေးကြီးတာက ‘ငါလည်း မှားနိုင်တယ်’ဆိုတဲ့အချက်ကို နှလုံးသွင်းထားနိုင်ဖို့ပါပဲ။

**အဓိပ္ပာယ်ဖွင့်ဆိုထား**

ဆန္ဒာဂတိဆိုရာမှာ (ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း)၊ ဒေါသာဂတိဆိုရာမှာ (စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း)၊ မောဟာဂတိဆိုရာမှာ (ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း)၊ ဘယာဂတိဆိုရာမှာ (ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း) စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားရှိတာကို ဖော်ပြလိုပါတယ်။

လတ်တလော မြန်မာနိုင်ငံရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို လေ့လာကြည့်ပါက လမ်းပေါ်ထွက် ဆူပူရမ်းကားကြသူတွေမှာ လူမှုကွန်ရက်တွေက အခြေအမြစ်မရှိတဲ့ သတင်းတွေ၊ တရားမဝင်အဖွဲ့အစည်းတွေရဲ့ ထုတ်ပြန်ချက်တွေကို ဖတ်ရှုပြီး မြှောက်ပင့်သွေးထိုးတဲ့ စကားတွေအတိုင်း မင်းမဲ့စရိုက်ဆန်တဲ့ လုပ်ရပ်တွေကို အဟုတ်ထင်၊ အမှန်ထင်ကာ ပြုလုပ်နေကြသူတွေ ဖြစ်ပါတယ်။ ဆန္ဒာဂတိကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားချက်ကို ဒေါသာဂတိနဲ့ စိတ်လိုက်မာန်ပါကာ မောဟာဂတိနဲ့ ဆင်ခြင်တုံမဲ့ လုပ်ရပ်များတွေ ပြုလုပ်နေကြပါက အကောင်းထက် အဆိုးဘက်ကိုသာ ဦးတည်ပြီး ထိခိုက်ဆုံးရှုံးမှုတွေ များလာမှာကို အထူးသတိထားဖို့ လိုပါတယ်။

**ပြယုဂ်တွေအကျည်းတန်နေ**

ဆန္ဒပြဆူပူနေကြတဲ့ အဖွဲ့တွေမှာ Generation Z ဆိုတဲ့ လူငယ်လူရွယ်တွေကို ရှေ့တန်းတင်ပြီး သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးနေတာတွေက လူငယ်လူရွယ်တွေကို နေရာပေး အလေးထားသလို ထင်ရကောင်း ထင်ရနိုင်သော်လည်း လက်တွေ့ဖြစ်စဉ်မှာတော့ တိုင်းပြည်ရဲ့ အနာဂတ် အသီးအပွင့်တွေကို ပွင့်လန်းမွှေးကြိုင်စေခွင့်မရအောင် အဖူးအငုံဘဝနဲ့တင် စိတ်ဓာတ်ရော ကိုယ်ကျင့်တရားပါရိုက်ချိုးဖျက်ဆီးနေတာဖြစ်တာကြောင့် နောက်ကွယ်က ဆန္ဒပြပွဲကြိုးကိုင်သူတွေရဲ့ လုပ်ရပ်ကို ရှုတ်ချမိပါတယ်။ ဆန္ဒပြအဖွဲ့ထဲ ပါဝင်နေကြတဲ့ တချို့လူငယ်တွေမှာ ယဉ်ကျေးတဲ့ စိတ်သန္တာန်ပါ ပျောက်ကွယ်နေကြပြီး ရဟန်းသံဃာတွေ၊ ဆရာ ဆရာမတွေ၊ ဆန္ဒပြဆူပူမှုထဲ မပါဝင်တဲ့ မိတ်ဆွေ ဆရာသမား သူငယ်ချင်းတွေအပေါ်မှာတောင် ညစ်ညမ်းသော စကားလုံး၊ ရိုင်းစိုင်းသောအပြုအမူတွေနဲ့ ပြုမူနေကြတာကလည်း အနီးဆုံး လက်ဦးဆရာဖြစ်တဲ့ မိဘရဲ့ သွန်သင်ဆုံးမမှု ပေ့ါလျော့ခဲ့တာကြောင့်လည်း တစ်ခုအပါအဝင်ပါပဲ။ Generation Z ရဲ့ ဆူပူအုံကြွပညာဉာဏ် နည်းပါးသူအချို့ကြောင့် ပြယုဂ်တွေဟာ အကျည်းတန်နေရပြီ မဟုတ်ပါလား။

**ပညာစစ်ဖြစ်နေဖို့လိုအပ်**

ပညာလို့ ဆိုလိုက်တာကြောင့် ဆူပူဆန္ဒပြအဖွဲ့ထဲမှာ ပါဝင်ကြတဲ့ Generation Z တွေက ‘ငါတို့ကပညာတတ်၊ ဘယ်တက္ကသိုလ်တက်နေတာ၊ ဘယ် ကျောင်းက ဘာမေဂျာနဲ့ ဘွဲ့ရထားတာ’ ဆိုပြီး ပြန်တုံ့ပြန်ကြမယ်ဆိုတာ ယုံကြည်ပါတယ်။ ဆိုလိုချင်တဲ့ ‘ပညာ’ ဆိုတာက ‘အမှားအမှန်ကို သေချာစွာ ခွဲခြမ်း သိမြင်နိုင်ခြင်း’ပါ။ ‘အသိမပါတဲ့ အတတ်သည် အကန်းနှင့်တူပြီး အတတ်မပါသော အသိသည် အကျိုးနှင့်တူ၏’ဟု ပညာရှိတို့က ဆိုခဲ့ကြပါတယ်။ တက္ကသိုလ်တွေ မည်သို့ပင် တက်တက်၊ စာတွေ ဘယ်လောက်တတ်တတ် ပညာ(သင်ညာ)သာ သင်ယူပြီးမြောက်ခြင်းဟု ဆိုနိုင်ပါတယ်။ အသိပညာ ပြည့်စုံဖို့ ပုံစံမျိုးစုံနဲ့ လေ့လာသင်ယူနေရမှာဖြစ်သလို အတတ်ပညာဖြစ်လာဖို့လည်း အချိန်များစွာ ရင်းနှီးပြီး လေ့ကျင့်ဖို့ လိုအပ်ပါတယ်။ သို့မှသာ အမှန်တကယ် အလုပ်ဖြစ်တဲ့၊ ဆင်ခြင်တုံတရား ရှိတဲ့ ‘ပညာ’ကို ရရှိပိုင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ‘ပညာသည် တန်ခိုးစွမ်းအင် (Knowledge is Power)’ဟု ဆိုရိုးရှိသော်လည်း အလုပ်ဖြစ်သော၊ အသုံးချနိုင်သော ပညာစစ်ဖြစ်နေဖို့ လိုအပ်ပါတယ်။

ပညာသင်ယူနေတဲ့ အရွယ်၊ ဘဝကို စတင်ရုန်းကန်နေတဲ့ အရွယ်တွေဖြစ်တဲ့ Generation Z တွေရဲ့ ဒီကနေ့ ပြုလုပ်နေတဲ့ Campaign မျိုးစုံဟာ မှန်ကန်တဲ့ လုပ်ရပ်လား၊ မှားတဲ့လုပ်ရပ်လားဆိုတာ ကိုယ်တိုင်တွေးခေါ် စဉ်းစားဆုံးဖြတ်ပြီး လူမှုကွန်ရက်က ရင်းမြစ်မရှိတဲ့ စာသားတွေအတိုင်း အဖျက်အမှောင့်လုပ်ရပ်၊ ဆူပူမှုတွေကို ဆက်လက်လုပ်သင့်သလားဆိုတာ မျက်စိဖွင့် နားစွင့်ရင်း ဆင်ခြင်တုံတရားရှိရှိနဲ့ ဆန်းစစ်ဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။ လူငယ်လူရွယ်တွေ လက်ရှိပြုလုပ်နေတဲ့ လမ်းပေါ်ထွက် ဆန္ဒပြမှုတွေအပြင် အဖျက်အမှောင့် လုပ်ရပ်တွေကို အမြန်ဆုံး အဆုံးသတ်ကာ နိုင်ငံချစ်စိတ်နဲ့အတူ နိုင်ငံသားကောင်းပီသစွာ ဥပဒေဘောင်အတွင်း နေထိုင်ပြီး ဆင်ခြင်တုံတရားရှိရှိ တာဝန်နဲ့ ဝတ္တရားတွေကို လေးစားလိုက်နာ နေထိုင်နိုင်ကြရေး အသိပေးရေးသား လိုက်ရပါတယ်။ ။

## စေတုတ္တရာမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**စေတုတ္တရာ မတ် ၁၁**

မကွေးတိုင်း ဒေသကြီး စေတုတ္တရာမြို့နယ်ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများနှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနိုင်က မိမိတို့မြို့နယ်အတွင်းရှိ သာသနာရေးကျောင်းများနှင့် အဖွဲ့အစည်းများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားပြည်သူများနှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံရမည့် လူဦးရေစာရင်း ကောက်ယူထားရှိမှု အခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမည့်နေရာများ ရွေးချယ်ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်သက်သက်ရည်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

စေတုတ္တရာမြို့နယ်အတွင်းရှိ သာသာနာရေးကျောင်းများနှင့် အဖွဲ့အစည်းများ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများအား ပထမအကြိမ် အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စေတုတ္တရာမြို့ အမှတ် (၁) အ.လ.က(ခွဲ) ကျောင်းတွင် ထိုးနှံပေးမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေသုံးစွဲသူပြည်သူများ ရေပြတ်တောက်မှုမရှိစေရေး ရန်ကုန်မြို့တော်စည်ပင်က ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်



**ရန်ကုန် မတ် ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့သည် ရေသုံးစွဲသူပြည်သူများအတွက် ရေပြတ်တောက်မှုမရှိစေရေးအတွက် ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ရန်ကုန်မြို့ ရေပေးဝေရေးစနစ် ဟန်ချက်ညီညီ လည်ပတ်နိုင်ရေးအတွက် ရေအရင်းအမြစ်ကဏ္ဍ၊ ရန်ကုန်မြို့သို့ ရေပို့ပိုက်လိုင်းကြီးများဖြင့် ရေပေးပို့မှုကဏ္ဍ၊ ရန်ကုန်မြို့တွင်းသို့ ရောက်ရှိလာသည့် ရေကိုသုံးစွဲသူ ပြည်သူများထံ ရေဖြန့်ဖြူးပေးဝေသည့်ကဏ္ဍ စသည့်ကဏ္ဍသုံးရပ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများသည် အချိန်နှင့်တစ်ပြေးညီ အချိတ်အဆက်မိမိ အချိန်ပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**၄၃ မိုင်ခရီး ဖြတ်သန်းမှု**

ရေအရင်းအမြစ်များဖြစ်သည့် ရေလှောင်ကန်ကြီးများနှင့် ရေသန့်စင်စက်ရုံများသည် ရန်ကုန်မြို့ပြင်ဝေးရာအရပ်တွင်တည်ရှိသည်။ ဂျိုးဖြူရေပိုက်လိုင်းသည် ၄၃ မိုင်ရှည်လျားပြီး ဂျိုးဖြူရေသည် ရန်ကုန်မြို့သို့ရောက်ရှိရန် ၄၃ မိုင်ခရီးကို ဖြတ်သန်းရသည်။ လမ်းခရီးတွင် အနှောင့်အယှက်ကင်းစွာ ရေဆုံးရှုံးမှုမရှိ ဂျိုးဖြူရေများ ရန်ကုန်မြို့သို့ ရောက်ရှိရန် ဝန်ထမ်းများသည် မိမိတို့တာဝန်ကျရာ နေရာအသီးသီး၌ အချိန်ပြည့်တာဝန်များ ထမ်းဆောင်ကြရသည်။

ရန်ကုန်မြို့သို့ရောက်ရှိလာသည့် ရေဖြန့်ဖြူးရာတွင် ရေဘားများ အဖွင့်အပိတ်ပြုလုပ်ခြင်း၊ ထပ်ဆင့်ရေတွန်းစက်များ ဟန်ချက်ညီမောင်းနှင်၍ ရေဖိအားများ ထိန်းညှိရသည်။ ရေပိုက်ပေါက်ခြင်း၊ ရေတွန်းစက်များ ပျက်ယွင်းခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းခြင်းများကို ချက်ချင်းပြင်ဆင်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသည့် ဝန်ထမ်းများက အလှည့်ကျ အသင့်အနေအထားဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ရေပေးဝေမှုစနစ် လုံခြုံရန်**

ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် တန်ဖိုးရှိရေ ပြုန်းတီးမှုမရှိစေရန်နှင့် ရေသုံးစွဲသူပြည်သူများက အကျိုးရှိစွာ သုံးစွဲရမည်ဖြစ်သည်။ ထို့ပြင် ရေပေးဝေရေးစနစ်များ လုံခြုံမှုကို စောင့်ရှောက်ပေးရန်လည်း ဝန်ထမ်းများက လိုလားကြသည်။

မတ် ၅ ရက် ညနေ ၅ နာရီခွဲခန့်တွင် သာကေတမြို့နယ် ကွေ့မအနီး သာကေတ၊ ဒေါပုံ၊ သဃ်န်းကျွန်းမြို့နယ်များသို့ လဂွန်းပြင်မှ ရေပေးပို့သည့် ရေပို့ပိုက်လိုင်းတွင် တပ်ဆင်ထားသည့် Air Valve Chamber မှ ရေများ လျှံထွက်နေသဖြင့် စစ်ဆေးရာ Air Valve နှင့် Gate Valveတို့ကို သံဖြတ်လွှဖြင့် ဖြတ်ယူထားသည် ကို စစ်ဆေးတွေ့ရှိရသည်။ ရေများ လေလွင့်ဆုံးရှုံးပြီး ရေပေးပို့နိုင်ခြင်းမရှိခြင်းကြောင့် ရေပြတ်တောက်မှုနှင့်ကြုံတွေ့ခဲ့ရသည်။ ရေပေးဝေမှု မပြတ်တောက်စေရေးအတွက် ရေပေးဝေရေးအဆောက်အအုံ များကို ရေသုံးစွဲသူပြည်သူများက ကာကွယ်ထိန်းသိမ်းစောင့်ရှောက်စေလိုကြောင်း သိရသည်။

**မျိုးမင်းသူရ**

# မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၂၆ ရွာတွင် နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**မိတ္ထီလာ မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၂၆ ရွာတွင် နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် သန်း ၅၂၀ ကျော်ဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်မြို့နယ်များမှ ကျေးရွာများတွင် နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် မိတ္ထီလာမြို့နယ်တွင် ကျေးလက်ရေပေးရေး လုပ်ငန်း ခုနစ်ခု၊ မလှိုင်မြို့နယ်တွင် ကျေးလက်ရေပေးရေး လုပ်ငန်း လေးခု၊ ဝမ်းတွင်းမြို့နယ်တွင် ကျေးလက်ရေပေးရေး လုပ်ငန်း ၁၀ ခုနှင့် သာစည်မြို့နယ်တွင် ကျေးလက်ရေပေးရေး လုပ်ငန်း ငါးခုတို့ကို ခွင့်ပြုငွေကျပ် ၅၂၆ ဒသမ ၂၇၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဇန်နဝါရီ ၁၁ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် တွင်းနက်စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ၁၁ ခုနှင့် တွင်းတိမ်တူးဖော်ခြင်း လုပ်ငန်းသုံးခုတို့ကို တူးဖော်ခြင်းလုပ်ငန်းပြီးစီးပြီဖြစ်၍ ကျန်ရှိသည့် စက်ရေတွင်းများကိုလည်း ဧပြီလအတွင်း ပြီးစီးအောင် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးပါက ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိပြီး ရေပြတ်လပ်မှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**





# မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘဏ်ခွဲများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပုဂ္ဂလိကဘဏ်ခွဲများနှင့် တွေ့ဆုံဆွေးနွေး

**မကွေး မတ် ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ဘဏ်ခွဲ ၂၄ ခုတို့ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မတ် ၈ ရက်နှင့် ၉ ရက်က မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကဘဏ်ခွဲများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မတ် ၈ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်၊ အင်းဝဘဏ်နှင့် ဆောက်လုပ်ရေးအိမ်ရာ ဖွံ့ဖြိုးရေးဘဏ်(CHDB) ဘဏ်ခွဲသုံးခုနှင့် မတ် ၉ ရက်တွင် လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အင်းဝဘဏ်၊ မြဝတီဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကမ္ဘောဇရတနာဘဏ် ဘဏ်ခွဲခြောက်ခု စုစုပေါင်း ဘဏ်ခွဲရှစ်ခုသာ တက်ရောက်ကြောင်း သိရသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဦးဆောင်၍ မကွေးမြို့နယ်အတွင်း ဘဏ်ခွဲများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်အကူအညီများ ပေးနိုင်ရေး ဆွေးနွေးရာ တက်ရောက်လာကြသည့် ဘဏ်ခွဲများက တွေ့ကြုံနေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

မကွေးမြို့နယ်အတွင်းရှိ ဘဏ်ခွဲများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုများအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များကို အဆင့်ဆင့် သိရှိနိုင်ရေး၊ လိုအပ်သောငွေကြေးဖြည့်တင်းနိုင်ရေး၊ ငွေထုတ်ကန့်သတ်ချက် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး လိုအပ်လျက်ရှိကြောင်းနှင့် မကွေးမြို့နယ်တွင် စီးပွားရေးနှင့် ငွေကြေးလည်ပတ်စီးဆင်းမှုအတွက် နိုင်ငံတော် ဘဏ်ခွဲနှစ်ခုနှင့် ပုဂ္ဂလိကပိုင် ဘဏ်ခွဲ ၂၂ ခု စုစုပေါင်း ဘဏ်ခွဲ ၂၄ ခုဖြင့် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**၁၄၃**

# လေးမျက်နှာမြို့နယ်တွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ (မြစိမ်းရောင်စီမံကိန်း) ဒုတိယအကြိမ်မြောက်ပြန်လည်ထုတ်ချေး

**လေးမျက်နှာ မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မရမ်းရိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ယမန်နေ့က အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးသည်။

မရမ်းရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၈၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၄၄ ဦး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်သူတစ်ဦး စုစုပေါင်းစီမံကိန်းအသင်းဝင်ပေါင်း ၁၃၁ ဦး အတွက် ငွေကျပ် ၃၁ ဒသမ ၈၅ သန်းကို စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ဒုတိယအကြိမ်မြောက် ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

နေပြည်တော် မတ် ၁၁

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းနှင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ကလေးမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ရှစ်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ကလေးမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများနှင့် အရုဏ်ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၊ အောင်မင်္ဂလာတပ်ဦး ဘုန်းတော်ကြီးကျောင်း၊ ဇေယျာသုခဘုန်းတော်ကြီးကျောင်းနှင့် အောင်သစ္စာဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်မှဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **သတင်းစဉ်**



## ပုံတောင်ဒေသရှိ ကျေးရွာချင်းဆက် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပုလဲ မတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပုံတောင်ဒေသရှိ လယ်ဓမ္မ-ထန်းခင်းကြီး-ရေကျော -ပေပင်ကျေးရွာချင်းဆက် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၀ ကျော်ဖြင့် ပြည်သာဟိန်းကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက လုပ်ငန်းအရည်အသွေး ပြည့်မီစေရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ပုလဲမြို့နယ်၊ပုံတောင်ဒေသရှိ လယ်ဓမ္မ-ထန်းခင်းကြီး-ရေကျော - ပေပင် ကျေးရွာချင်းဆက်ဂျင်းလမ်းသည် အရှည် သုံးမိုင်၊ လမ်းအကျယ် ၁၈ ပေ၊ ထု ရှစ်လက်မရှိသော ဂျင်းလမ်းအမျိုးအစားဖြစ်ပြီး လုပ်ငန်းများပြီးစီးပါက ကျေးရွာနေပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး မတ် ၁၁**

ချင်းပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ ကောင်စီဝင်(၄) ဦးနေလင်း၊ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ချင်းပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ Video Conferencing (Zoom Meeting)ဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



**ကာကွယ်ဆေးထိုးနှံရေး**

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဒေသခံ ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးကိစ္စ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဒေသအတွင်း ဖွံ့ဖြိုးရေးအတွက်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဘဏ်များတွင် ဘဏ်ငွေထုတ်ခွင့်ကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲများရှိပါက တင်ပြရန် ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ခရိုင်/မြို့နယ်များအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်မှုအခြေအနေ၊ ဝန်ထမ်းများ CDM တွင် ပါဝင်လှုပ်ရှားနေမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဘဏ်များ ဖွင့်လှစ်နေမှုနှင့် ငွေကြေးထုတ်ယူသုံးစွဲမှု အခြေအနေများနှင့် မြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

**ပြည်သူလူထု အခက်အခဲမဖြစ်စေရန်**

ဆက်လက်၍ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းက ဝန်ထမ်းများ ခံယူချက် မှန်ကန်စွာဖြင့် ရုံးတက်စေရေး၊ သက်ဆိုင်ရာရုံးများအားလုံး (ရပ်/ကျေးရုံးများ အပါအဝင်) ပုံမှန်ရုံးဖွင့်လှစ် ဆောင်ရွက် ကြရန်၊ အုပ်ချုပ်ရေးယန္တရား ရပ်တန့်မှု မရှိစေရေး အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ကြရန်၊ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရန်၊ အခက်အခဲများ ရှိပါက ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး တင်ပြကြရန်၊ ဒေသခံပြည်သူလူထု အခက်အခဲ မဖြစ်စေရန်အတွက် စည်ပင်သာယာဈေးများကို ပုံမှန်ဖွင့်လှစ်ရောင်းချနိုင်ရေး စီမံဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ လစ်ဟာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန် စနစ်တကျ ဆက်လက်ဆောင်ရွက်ကြရန်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ထုတ်ပြန်ကြေညာချက်များအား ဝန်ထမ်းများ သိရှိလက်ခံ နားလည်နိုင်စေရေး ရှင်းလင်းသွားရန် ဆွေးနွေးခဲ့ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**လွိုင်ကော် မတ် ၁၁**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် ဖရူဆိုမြို့နယ်အတွင်း ခွင့်ပြုငွေကျပ် ၁၇၃ ဒသမ ၇၃၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ဖရူဆိုမြို့နယ် ဟိုယာကျေးရွာအုပ်စု ဟိုယာ-ဒိုရော (အောက်) ကျေးရွာချင်းဆက်လမ်း ၅ မိုင်အနက် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ရေထုတ်ပြွန် သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ခွင့်ပြုငွေကျပ် ၂၀၃ ဒသမ ၂၆၇ သန်းဖြင့် ဟိုယာကျေးရွာအုပ်စု ဒိုမိုခို-ဘီသူ (အထက်) ပြည်နယ်ချင်းဆက်လမ်း ၁၅ မိုင်တွင် ၅ မိုင် ၄ ဖာလုံ မြေလမ်းချဲ့ခြင်း၊ စတက်ဘားခံခြင်း၊ ရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန် ၁၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ခွင့်ပြုငွေကျပ် ၃၅၆ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ဟိုယာ-ရီခီးဘူး- ခါးဘယ်-ဘွယ်ဒိုးသာ ၁၅ မိုင်အနက် ၂ မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာ ၁၄ ရွာ အိမ်ခြေ ၇၄၉ အိမ်နှင့် လူဦးရေ ၃၆၄၄ ဦး အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း**
**(လွိုင်ကော်)**






# မိုးနှောင်းချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ပျိုးထား

**ဆော မတ် ၁၁**

ဆောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါမျိုး စမ်းသပ်စိုက်ကွက်ကို ဆောမြို့နယ် မင်းလယ်ကျေးရွာမှ တောင်သူ ဦးတင်လှိုင်၏ မြေကွက်တစ်ဧကတွင် စမ်းသပ်စိုက်ပျိုးထားသည်။

စမ်းသပ်ကွက်စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ "ပြောင်းလဲလာတဲ့ ရာသီဥတုအရ ချည်မျှင်ရှည်ဝါတွေကို စမ်းသပ်စိုက်ပျိုးထားတာပါ။ တောင်သူယုံကြည်မှုရှိရန်အတွက် ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၄ ရက်မှာ စတင်စိုက်ပျိုးတာ ဖြစ်ပါတယ်။ မကြာမီကာလမှာ ဝါသီးကွဲပြီး ဆွတ်ခူးနိုင်တော့မှာ ဖြစ်ပါတယ်" ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ကြည်က ပြောသည်။

ဆောမြို့နယ် ၄က်ချောင်၊ ပဆုပ်၊ ကျောက်လိပ်၊ လက်ပန်း ကျေးရွာတို့တွင် ယမန်နှစ်က စမ်းသပ်စိုက်ကွင်းများကို ၄၈ ဧက ပြုလုပ်ခဲ့ကြောင်း၊ တစ်ဧကပိဿာ ၅၀၀ ခန့်ထွက်ရှိ၍ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ အထိ ရောင်းချခဲ့ရသဖြင့် တောင်သူများ ဝင်ငွေကောင်းခဲ့ကြောင်း သိရသည်။

ဆောမြို့နယ် အနောက်ဘက်နှင့် တောင်ဘက်တို့သည် ချင်းပြည်နယ်နှင့် ဆက်စပ်လျက်ရှိရာ နယ်စပ်ဒေသများတွင် ရာသီဥတုပြောင်းလဲမှုများရှိ၍ လာမည့်နှစ်တွင် တစ်လခန့်စောကာ စမ်းသပ်စိုက်ပျိုးရန် စီစဉ်ထားကြောင်းနှင့် စမ်းသပ်ကွင်းတွင် ငွေချည် ၉၊ ငွေချည် ၁၁၊ ရွှေတောင် ၈၊ စပ်မျိုးချည်မျှင်ရှည်ဝါမျိုးများကို စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

**၁၄၄**

# မိုင်းရှူးမြို့နယ်ရှိ ကျေးရွာလေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**မိုင်းရှူး မတ် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်းရှိ ခိုစုံကျေးရွာနှင့် ဖာယ၊ လွိုင်တန့်၊ လွိုင်ခမ်းကျေးရွာ လေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ခိုစုံကျေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် အရှည်ပေ ၄၀၀၀ ရှိ စိမ့်စမ်းရေပိုက်လိုင်း(အမြင့်တင်) သွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဖာယကျေးရွာတွင် အနက်ပေ ၄၀၀ ရှိ အဝီစိစက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အရှည်ပေ ၆၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၁၁၄ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီကလည်းကောင်း၊ လွိုင်တန့်၊ လွိုင်ခမ်းကျေးရွာနှစ်ရွာတွင် အရှည် တစ်မိုင် လေးဖာလုံရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သော ကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၁၄၃ သန်းဖြင့် ယခုနှစ်ဇန်နဝါရီလအတွင်းက စတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၂၂၇ အိမ်မှ လူဦးရေ ၁၂၄၄ ဦးတို့၏ သောက်သုံးရေဖူလုံစေရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးက ပြောသည်။

အဆိုပါကျေးရွာလေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်တောင်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသီဟန်လင်း၊ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးဇေယျာမင်းနှင့် တာဝန်ရှိသူများက ယမန်နေ့က ကျေးရွာရေရရှိရေး ကော်မတီဝင်များ နှင့်အတူ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီက လိုက်လံရှင်းလင်းပြသခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ငြိမ်းသူ**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများ တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ကွမ်းလုံမြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ ဟိုပုံးမြို့နယ်၊ ပင်းလောင်းမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ကလောမြို့နယ်၊ အင်တောမြို့၊ မိုးဗြဲမြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့၊ မိုးနဲမြို့၊ မိုင်းပန်မြို့၊ မောက်မယ်မြို့နှင့် ကျိုင်းတောင်းမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာ အသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ မကွေးမြို့နှင့် မင်းဘူးမြို့တို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့်မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းအကူရဲတပ်ဖွဲ့ခွဲရုံးနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ပြည်မြို့၊ ရွှေတောင်မြို့၊ သဲကုန်းမြို့နှင့် ရွှေကျင်မြို့များအတွင်းရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက် ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံ

## ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများထိုးပေးခြင်းကို မတ် ၁၀ ရက်က ပြုလုပ်သည်။

ကာကွယ်ဆေးများထိုးပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအညီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းအပါအဝင် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၇၈ ဦး၊ ကျောင်းထိုင်သံဃာတော် ၃၇ ပါးနှင့် သီလရှင်တစ်ပါးအပါအဝင် ဘာသာရေးခေါင်းဆောင် ၄၄ ဦး၊ ပရဟိတအသင်းအဖွဲ့ဝင်များမှ အသင်းဝင် ၁၈ ဦး စုစုပေါင်း ၁၄၀ အား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသောသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၅ ရက်အထိ နေ့စဉ် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ပဲခူး

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများကို မတ် ၁၁ ရက်က စတင်ကာ တိုင်းဒေသကြီးလမ်းဦးစီးဌာန၌ ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး တစ်လုံးလျှင် ၁၀ ဦးနှုန်းဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများကို ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ပြီး ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူများအား လေးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ယင်းမာပင်

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မတ် ၁၀ ရက်က ခရိုင်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ စတင်ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများကို ယင်းမာပင်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရာ ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၁၁၁ ဦးတို့ကို ထိုးနှံပေးခဲ့ပြီး ကျန်ရှိဝန်ထမ်းများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီးလျှင် မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွာငံ

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်းရှိ ရဟန်းသံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးခြင်းကို ရွာငံမြို့ အနန္တဇိနမျက်စိဆေးရုံတွင် မတ် ၁၀ ရက်ကစတင်၍ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ဆေးထိုးနှံပေးခြင်းကို နယ်မြေခံတပ်မတော်ဆေးရုံ ခုတင် ၇၀၀ မှ ဗိုလ်ကြီးမြင့်သူနှင့် အဖွဲ့က ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံမည့်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ပါးစပ်၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြား၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ရွာငံမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၈ နှစ်ပြည့်ပြီးရဟန်း၊ သံဃာတော်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဟိုပုံး

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ တပ်မတော်နည်းပညာနှင့်ကွန်ပျူတာသိပ္ပံကျောင်းမှ ဗိုလ်ကြီးဟိန်းစိုးနှင့်အဖွဲ့က နောင်တောင်းပရဟိတတပ်ဦးကျောင်း သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး၏ သာသနာ့ဗိမာန်တော်နှင့် ဒက္ခိဏာရာမဘာန်းကွန်ဘုန်းတော်ကြီးကျောင်းတို့တွင် မတ် ၁၀ ရက် နံနက်ပိုင်းက သံဃာတော်များနှင့် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ ၊ ခေတ္တတပ်နယ်မှူး ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး စောအောင်မျိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်ဝန်ထမ်းများ ၊ မြို့နယ်ကြက်ခြေနီ အသင်းအဖွဲ့ဝင်များက လိုအပ်သည်များကို အားပေးကူညီခဲ့ပြီး အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် သံဃာအပါး ၇၀ နှင့် ပြည်သူ ၁၀၈ ဦးတို့ကို ပထမအကြိမ် စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်တလုံးကြီး

ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တလုံးကြီးမြို့ နောင်ကားဘုန်းတော်ကြီးကျောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးစင်တာ၌ မတ် ၁၀ ရက်က နယ်မြေခံဆေးတပ်ရင်း တောင်ကြီးမြို့နယ်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံပေးသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ နယ်မြေခံ ဆေးတပ်ရင်း တောင်ကြီးမြို့မှ ဗိုလ်ကြီးယဉ်မောင်သန့် ဦးဆောင်သော ဆရာဝန်အဖွဲ့က ကိုယ်အပူချိန်တိုင်းပေးခြင်း၊ သွေးပေါင်ချိန် တိုင်းပေး ခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ နောင်ကားဘုန်းတော်ကြီးကျောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးစင်တာ၌ ကျောက်တလုံးကြီးမြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် တောင်ကြီးမြို့နယ် ထီဖောင်းကျေးရွာအုပ်စုရှိ ပြည်သူများအား မတ် ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လွိုင်လင်

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခြင်းကို မတ် ၁၀ ရက်က ခရိုင်အထွေထွေရောဂါကုဆေးရုံကြီး ဇီဝကခန်းမတွင် ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် ရပ်ကွက်အတွင်းရှိ ပြည်သူများ စုစုပေါင်း ၁၇၀ ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မတ် ၁၁ ရက်တွင် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တကယ်တော့ CDM လှုပ်ရှားမှုက ကျွန်တော်တို့လို နိုင်ငံ့ဝန်ထမ်းတွေကို နိုင်ငံရေးလုပ်စား၊ အမြတ်ထုတ်သူတွေက ချကျွေးခဲ့တာပဲ။ အခုတော့ အားလုံးသဘောပေါက် နားလည်လိုက်ပါပြီ

ကိုဇော်ထွန်း

အင်တာဗျူး - မြင့်မိုရ်

နိုင်ငံတစ်ဝန်း လတ်တလော ဖြစ်ပေါ်လျက်ရှိသော CDM (Civil Diso–bedience Movement) လှုပ်ရှားမှုက တိုင်းပြည်အတွက် လူသားအရင်းအမြစ် ရှုထောင့်မှကြည့်လျှင် ရရှိလိုက်ရသောရလဒ်မှာ နိုင်ငံ့ဝန်ထမ်းအများစု ဝန်ထမ်းဥပဒေနှင့်အညီ အပြစ်ပေးအရေးယူခံရခြင်း၊ အလုပ်လက်မဲ့ဖြစ်ရခြင်းနှင့် ဝန်ထမ်းထုများအကြား အမျိုးမျိုးသော သွေးခွဲ သပ်သျှိုမှုများကြောင့် စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်ကြရသည်။ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ CDM လှုပ်ရှားမှုအပေါ် အမှား/ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် ဝန်ထမ်းအချို့၏ ရင်တွင်းစကားသံများကို ရေးသားဖော်ပြလိုက်ပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေတဲ့ ပြည်သူ

CDM လှုပ်ရှားမှုနဲ့ ပတ်သက်၍ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါက်တာဟိန်းသူရ(အမည်လွှဲ)က “ကျွန်တော် ဆေးရုံကို ဖေဖော်ဝါရီလဆန်းပိုင်းက သွားရောက် တာဝန်ထမ်းဆောင်ခဲ့သေးတယ်။ အဲဒီနောက် တစ်ရက်နဲ့တစ်ရက် CDM လှုပ်ရှားမှုထဲကို ဝင်သလိုလိုနဲ့ လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေက ဆေးရုံကို မလာကြတော့ဘူး။ လူနာတွေလည်းရှိတော့ ကျွန်တော်တောင် Duty နှစ်ခု ဆက်ယူလိုက်ရတယ်။ အဲဒီနောက်နေ့လည်း ရောက်ရော ကျွန်တော့်ဌာနအရာရှိက မင်းဒီနေ့ဆေးရုံ Duty ရှိသေးလားတဲ့၊ ဟုတ်ရှိပါတယ်လည်း ပြောရော၊ မသွားတော့နဲ့၊ သွားစရာမလိုတော့ဘူးတဲ့။ ဟာ ဘာလို့လဲ ဆရာမကြီးလို့မေးတော့ သူများတွေ CDM လှုပ်ရှားမှုထဲ ဝင်ကြပြီတဲ့။ မင်းက ဘာလဲတဲ့။ ကျွန်တော်မျက်စိတောင်လည်သွားတယ်။ ကျွန်တော်နားလည်ထားတာက တစ်မျိုး။ ဆေးရုံကို ရောက်လာတဲ့ ကျွန်တော်တို့ကို အားကိုးပြီး ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေတဲ့ ပြည်သူ(လူနာတွေ)ကိုပဲ ပိုအလေးပေးရမယ်လို့ ထင်ခဲ့တာ။ ဆရာဝန်ဆိုတာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကိုပဲ အလေးပေးဆောင်ရွက်ရမှာက အဓိကလုပ်ငန်းဖြစ်သလို ကျင့်ဝတ်လည်း ဖြစ်ပါတယ်။

## တံလျှပ်ကို ရေထင်တဲ့ ရွှေသမင်

“တကယ်တော့ ကျွန်တော်ထင်ထားတာနဲ့ CDM လှုပ်ရှားမှုကြောင့် လတ်တလော ဖြစ်ပေါ်နေတာတွေနဲ့က တခြားစီဖြစ်နေတယ်။ အများစုက မိုးခါးရေသောက်တော့ ကျွန်တော်လည်း သိသိနဲ့ လိုက် သောက်လိုက်ရတယ်။ ပြောချင်တာက CDM လှုပ်ရှားမှုမှာ ကျွန်တော်ပါတယ် ပြောတာမဟုတ်ဘူးနော်။ ကျွန်တော် ဆရာဝန်တစ်ယောက်အနေနဲ့ ဆေးကုသမှုအလုပ်တာဝန်ယူ ဆေးရုံကိုသွားချင်ပေမယ့် သူများတွေလည်း မသွားကြတော့ ရောယောင်ရတာကို ဆိုလိုချင်တာ။ တကယ်တော့ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲနဲ့ မှိုင်းတိုက်နေတဲ့ သူတွေရဲ့ သံယောင်က လွှမ်းမိုးသွားတော့ တံလျှပ်ကို ရေထင်တဲ့ ရွှေသမင်လို ဆရာဝန်တွေလည်း အမှား/အမှန် မခွဲခြားနိုင်တော့ဘူး။ အဲဒါက ရိုးရိုးပြည်သူမပြောနဲ့ တကယ့်ပညာတတ်ဆရာဝန်ကြီးတွေတောင် ပါသွားကြလေတော့ ကျွန်တော် ဘယ်လိုတောင် ပြောရမလဲ မသိတော့ဘူး။ ပြောချင်တာက ကျွန်တော်တို့လို ဆရာဝန်တွေအနေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို လျစ်လျူရှုပြီး စိတ်ခံစားမှုကို ရှေ့တန်းမတင်သင့်ဘူးလို့မြင်တယ်”ဟု ပြောသည်။

ယခုအခါ နိုင်ငံတစ်ဝန်း ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ခဲ့သော CDM လှုပ်ရှားမှုနောက်ကွယ်၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေသော ဆရာဝန်အချို့မှာ မိမိတို့ ထိန်းသိမ်းစောင့်ရှောက်ပေးရမည့် မူရင်းပင်မအလုပ်တာဝန်များကို မေ့ပျောက်ကာ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်မညီသော CDM လှုပ်ရှားမှုတွင် ပါဝင်လာကြသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်မှုမရှိသည့် ဆရာဝန်အချို့မှာလည်း ဆေးရုံတက်အလုပ်ဝင်ရောက်မှုကို ဟန့်တားနေသည့် လူအုပ်စုတို့ကြောင့် အခက်တွေ့ရဆဲဖြစ်သည်။

## ကျီးလန့်စာ စားနေရသလိုဖြစ်

“အဒေါ်က ရုံးမှာသူများတွေ CDM လှုပ်ရှားမှုမှာ ပါဝင်တယ်ဆိုကတည်းက ဒီအတိုင်းဖြစ်လာမယ်ဆိုတာ ကြိုတင်မှန်းဆမိတယ်။ ဘာလို့လဲဆိုတော့ အဒေါ်ရဲ့ အသက်နဲ့ အတွေ့အကြုံက မနည်းတော့ဘူးလေ။ နောက်ဆုံးတော့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတဲ့သူတွေပဲ နစ်နာခဲ့ရတာ။ အခုဆို ပါဝင်ကြတဲ့ ဝန်ထမ်းတွေအနေနဲ့ ရုံးလည်း ပြန်မတက်ရဲ။ အိမ်မှာလည်း ကောင်းကောင်းမနေ၊ ကောင်းကောင်း မအိပ်ရဲ။ သူတို့ကိုယ်သူတို့ ကျီးလန့်စာစားနေရသလို ဖြစ်နေကြရတယ်။ ဒါတွေကလည်း နောက်ဆုံးပြောရမယ်ဆိုရင် ဘယ်သူမပြု မိမိမှုပါပဲ။ အခုဆို CDM လှုပ်ရှားမှုမှာ ပါဝင်ကြတဲ့ သူငယ်ချင်းတွေ ဖုန်းဆက်ပြီး ရင်ဖွင့်ကြတယ်။ အရင်က ရုံးသွား/ ရုံးပြန်နဲ့ အချိန်မှန်နေ့စဉ် သွားလာ လှုပ်ရှားလုပ်နေရင်းက အခုလိုရုတ်တရက် အလုပ်လက်မဲ့ ဖြစ်သွားတော့ ခံစားရမှာပေ့ါ။ ကိုယ်ချင်းတော့ စာပါတယ်။ အခုဆို သူတို့ CDM လှုပ်ရှားမှုမှာ မပါဝင်တဲ့ အဒေါ်တို့ကို သူတို့ တစ်မျိုးမဖြစ်တော့သလို အခြေအနေမှန်ကိုလည်း ကောင်းကောင်းနားလည် သဘောပေါက်နေကြပြီ။

## မီဒီယာရဲ့ သဘောသဘာဝအတိုင်း

“တစ်နေ့ကဆို ရွာကအမျိုးတွေ အဒေါ်ကို ဖုန်းဆက်ပြီး လှမ်းပြောကြတယ်။ ရန်ကုန်မှာ အခုလိုအခြေအနေမျိုးဖြစ်နေတာ နယ်ပြန်မလာဘူးလားတဲ့။ ခွင့်တင်ပြီး ပြန်လာပါလားတဲ့။ အဒေါ်လည်း ဒီရန်ကုန်က အခြေအနေမှန်တွေကို ပြောပြလိုက်ပါတယ်။ ဘယ်အဖွဲ့အစည်းမှ မပါ၊ ဘာမှမလုပ်ရင် ဘာမှမဖြစ်သလို၊ ဘာမှစိုးရိမ်စရာလည်း မရှိဘူးလို့။ အမျိုးတွေကတော့ အွန်လိုင်းပေါ်မှာ မီဒီယာတွေတင်ထားတဲ့ ရန်ကုန်ဘယ်နားကတော့ ဘာဖြစ်နေတယ်။ ဘယ်လိုအခြေအနေတွေ ရောက်နေတယ်ဆိုတဲ့သတင်းတွေကို ကြားတော့ စိုးရိမ်ကြတာပေ့ါ။ တကယ်တော့ ဖြစ်တဲ့နေရာတွေရှိသလို၊ မဖြစ်တဲ့ နေရာတွေက အများကြီးပဲလေ။ မီဒီယာသမားကတော့ မီဒီယာရဲ့သဘောသဘာဝအတိုင်း ဖြစ်တဲ့နေရာတွေပဲ ပြည်သူတွေက စိတ်ဝင်စားကြတော့ အဲဒီနေရာတွေပဲ အွန်လိုင်းပေါ်တင် တင်ကြတာပေ့ါ။ အဒေါ်တို့ ရပ်ကွက်၊ လမ်းတွေက အဲဒီလို ဆူပူလှုပ်ရှားမှုတွေလုပ်တဲ့သူ နည်းသလို၊ အဖျက်အမှောင့် လုပ်ရပ်တွေဖြစ်တဲ့ လမ်းပိတ်တာတို့၊ ရုံးတက်နေတဲ့ ဝန်ထမ်းတွေ အနှောင့်အယှက်ပေးတာတို့ မရှိဘူးလေ။ အဲဒီတော့ ရပ်ကွက်က အေးချမ်းသလို ဘာမှစိုးရိမ်စရာလဲမရှိဘဲ၊ ခေါင်းပြားအောင် အိပ်နိုင်ပြီး ပုံမှန်ရုံးတက်နိုင်တာပေ့ါ”ဟု ရန်ကုန်မြို့ ဗဟန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတစ်ခုမှ ဦးစီးမှူးတာဝန်ထမ်းဆောင်နေသော ဒေါ်ကြည်ကြည်နု(အမည်လွှဲ) ကပြောသည်။

မြန်မာနိုင်ငံ၏ လူဦးရေထူထပ်ပြီး စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့တွင် လူတန်းစားမရွေး အလွှာပေါင်းစုံနေထိုင်ကြ၍ လတ်တလောဖြစ်ပေါ်နေသော CDM လှုပ်ရှားမှုတွင်လည်း အမျိုးမျိုး အဖုံဖုံ သတင်းများက နိုင်ငံတစ်ဝန်း ပျံ့နှံ့လျက်ရှိသည်။ အွန်လိုင်းခေတ်ဖြစ်၍ နိုင်ငံ၏ အထင်ကရမြို့ဖြစ်သော ရန်ကုန်မြို့အခြေအနေများကို နိုင်ငံတစ်ဝန်း ပြည်သူများ စိတ်ဝင်တစားရှိကြသည်မှာ အဆန်းမဟုတ်တော့ပေ။ အထူးသဖြင့် အေးချမ်းတည်ငြိမ်မှုကို လိုလားသည့် ပြည်သူများက ပိုမိုစိတ်ဝင်စားကြသည်။

## ပြန်တွေးရင် စိတ်မကောင်းဖြစ်မိ

“ကျွန်တော်က CDM လှုပ်ရှားမှု စတင်ကတည်းက ပါဝင်ခဲ့တယ်။ ရုံးကိုလည်း တရားဝင်ပြောကြားခဲ့သလို ရုံးကလည်း CDM လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး တရားဝင်တင်ပြခဲ့တယ်။ ရုံးက လူကြီးတွေကလည်း ကောင်းတော့ ကောင်းကြပါတယ်။ CDM လှုပ်ရှားမှု စကတည်းက ပါဝင်တာကို ပြန်လည်ရုံးတက်ဖို့ ကျွန်တော့်ကို အကြိမ်ကြိမ် နားချပါသေးတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့အကျင့်က တစ်ဇွတ်ထိုး လုပ်တတ်တဲ့အကျင့်၊ တစ်ယူသန်ဆန်တဲ့အကျင့်က ပါနေတော့ ကိုယ့်ကိုယ်ကိုယ်မှန်တယ်ထင်ခဲ့တာပေ့ါ။ သူငယ်ချင်းတွေကလည်း အားလုံးနီးပါးက ဝိုင်းလှော်ကြတယ်လေ။ အခုတော့ လက်ဖက်ရည်ဖိုးကအစ အိမ်ကတောင်းသုံးနေရတော့ အဆင်မပြေတော့ဘူး။ အရင် လစာထုတ်ရက်ဆို အမေ့ကို ဆန်ဖိုး၊ ဆီဖိုးလေးတော့ အနည်းနဲ့အများပေးနေကျ။ အခုတော့ အဲဒါတွေကို ပြန်တွေးရင် စိတ်မကောင်းဖြစ်မိတယ်။ တကယ်တော့ CDM လှုပ်ရှားမှုက ကျွန်တော်တို့လို နိုင်ငံ့ဝန်ထမ်းတွေကို နိုင်ငံရေးလုပ်စား၊ အမြတ်ထုတ်သူတွေက ချကျွေးခဲ့တာပဲ။ အခုတော့ အားလုံးသဘောပေါက် နားလည်လိုက်ပါပြီ။

> **“ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေသော ဆရာဝန်အချို့မှာ မိမိတို့ ထိန်းသိမ်းစောင့်ရှောက်ပေးရမည့် မူရင်းပင်မအလုပ်တာဝန်များကို မေ့ပျောက်ကာ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်မညီသော CDM လှုပ်ရှားမှုတွင် ပါဝင်လာကြ၊ CDM လှုပ်ရှားမှုတွင် ပါဝင်မှုမရှိသည့် ဆရာဝန်အချို့မှာလည်း ဆေးရုံတက် အလုပ်ဝင်ရောက်မှုကို ဟန့်တားနေသည့် ပြည်သူများကြောင့် အခက်တွေ့ရဆဲဖြစ်”**

## တဖြည်းဖြည်း အားအင်ချည့်နဲ့လာ

“အခု CDM လှုပ်ရှားမှုတွေလည်း တဖြည်းဖြည်း အားအင်ချည့်နဲ့လာသလို ဘယ်သူ့ကို၊ ဘယ်လိုဆက်သွယ်ရမှန်းလည်း မသိတော့ဘူး။ နောက်နားတုန်းကတော့ ဝန်ထမ်းတွေကို တစ်လထောက်ပံ့ငွေ ဘယ်လောက်ပေးမှာ၊ ဘယ်လိုတွေပေးမှာကအစ အသံမျိုးစုံကြားခဲ့ရတယ်။ လကုန်ရက်ပိုင်းလည်းရောက်ရော အဲဒီအသံတွေ ကြက်ပျောက်၊ ငှက်ပျောက်နဲ့ ဘယ်ပျောက်သွားလဲ မသိတော့ဘူး။ ဆက်သွယ်ပါဆိုတဲ့ ဖုန်းတွေလည်းမကိုင်သလို၊ အွန်လိုင်းတို့၊ အီးမေးလ်တို့က တစ်ဆင့် ဆက်သွယ်ပြန်တော့လည်း မရဘူး။ တကယ်တော့ CDM လှုပ်ရှားမှုမှာ စတင်ပါဝင်တုန်းက အဲဒီအထောက်အပံ့တွေ လိုချင်လို့ လုပ်တာမဟုတ်ဘူး။ အဲဒီလိုတွေ လိုချင်တပ်မက်ချင်စိတ်တွေ ဖြစ်အောင် သူတို့က လှုံ့ဆော်ခဲ့တာ။ ကျွန်တော်က CDM လှုပ်ရှားမှု စည်းရုံးတဲ့အထဲမပါတော့ အေးဆေးနေနိုင်သေးတယ်။ ကျွန်တော့်သူငယ်ချင်းတွေက ခေါင်းဆောင်လိုလို၊ ဘာလိုလိုဆိုတော့ မိဘတွေနဲ့တောင် အခုထိ အဆက်အသွယ်မရကြသေးဘူး” ဟု ဝန်ကြီးဌာနတစ်ခုမှ ကျွမ်းကျင်–၄ တာဝန်ထမ်းဆောင်နေသော ကိုဇော်ထွန်း (အမည်လွှဲ) က ရင်ဖွင့်ခဲ့သည်။

နိုင်ငံတစ်ဝန်း ဖေဖော်ဝါရီ လဆန်းပိုင်းမှစ၍ CDM လှုပ်ရှားမှုမှသည် ယခုအခါ နောက်ဆက်တွဲရလဒ်များမှာ ထိရာတခြား ရှရာတခြား ဆိုသလို နောက်ဆုံး ပြည်သူများပင် အထိနာခဲ့ရသည်။ အထူးသဖြင့် အချိန်တွေပေး၊ အနစ်နာခံ၊ ရှေ့ရေးမျှော်တွေးကာ အေးချမ်းစွာ အသက်မွေးဝမ်းကျောင်းပြုလိုသော ဝန်ထမ်းဘဝထဲသို့ ဝင်ရောက် လုပ်ကိုင်နေသော နိုင်ငံ့ဝန်ထမ်းတို့မှာ ယခုအခါ အလုပ်လက်မဲ့ ဖြစ်ခဲ့ရပြီ။ ဘယ်အချိန်မှာ ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဆိုသည်ထက် လတ်တလောမှာတော့ CDM လှုပ်ရှားမှုတွင် ပါဝင်သော ဝန်ထမ်းများ၏ ဘဝအခြေအနေမှာ အနည်းနှင့်အများ ယိမ်းယိုင်သွားကြသည့် လက်တွေ့ခံစားကြုံတွေ့နေရမှုများကို ပြည်သူအများသိရှိခံစားနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။ ။

# ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့တဲ့ လီဗာပူးနှင့် ပီအက်စ်ဂျီ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်ကို မတ် ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးအသင်းအတွက် ဂိုးများကို ဆာလာနှင့် မာနေးတို့က သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ဥရောပပြိုင်ပွဲတွင် ဂျာမန်အသင်းများနှင့် နောက်ဆုံး (၁၂) ကြိမ်တွေ့ဆုံခဲ့ရာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ကိုးကြိမ်နိုင်ပြီး သုံးကြိမ်သရေကျထားသည်။ လိုက်ပ်ဇစ်အသင်းသည် ဥရောပပြိုင်ပွဲတွင် နှစ်ပွဲဆက်ရှုံးနိမ့်မှုမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော လီဗာပူးအသင်းမှ ဆာလာသည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၂၅ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ လီဗာပူးအသင်းသည် လာမည့် ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ မတ် ၁၆ ရက်တွင် ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လိုက်ပ်ဇစ်အသင်းက လာမည့် ပွဲစဉ်အဖြစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ဖရန့်ဖတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။




လိုက်ပ်ဇစ်အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် လီဗာပူးအသင်းသားများ အောင်ပွဲခံနေမှုကို တွေ့ရစဉ်။

### ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာ

ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်ကို ပီအက်စ်ဂျီအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ သို့သော်လည်း နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးဖြင့် ပီအက်စ်ဂျီအသင်း နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

ဦးဆောင်ဂိုးကို ပီအက်စ်ဂျီအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၃၁ မိနစ်တွင် အမ်ဘတ်ပီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင် ဘာစီလိုနာအသင်း ချေပဂိုးရရှိခဲ့ပြီး မက်ဆီက သွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် ဘာစီလိုနာအသင်း ပယ်နယ်တီရရှိခဲ့ပြီး မက်ဆီ ကန်သွင်းယူခဲ့သော်လည်း လွဲချော်ခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပယ်နယ်တီလွဲချော်မှုဖြစ်သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားကွက်အပြောင်းအလဲပြုလုပ်ကာ လူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း လိုအပ်နေသည့်ဂိုးများကို မြင်တွေ့ခဲ့ရခြင်း မရှိခဲ့ချေ။ ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော အမ်ဘတ်ပီသည် ချန်ပီယံလိဂ်သွင်းဂိုး ၂၅ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် အမ်ဘတ်ပီသည် အသက် ၂၂ နှစ်နှင့် ၈၀ ရက်ဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၂၅ ဂိုးပြည့်မြောက်ခဲ့ခြင်းကြောင့် အသက်ငယ်ဆုံး ကစားသမား ဖြစ်လာခဲ့သည်။ ယခင်မှတ်တမ်းတင်ထားသည့် ကစားသမားမှာ မက်ဆီဖြစ်သည်။ မက်ဆီသည် အဆိုပါ သွင်းဂိုးအရေအတွက် ရရှိရန်အတွက် ၂၂ နှစ်နှင့် ၂၈၆ ရက်ဖြင့် စံချိန်တင်ခဲ့ကြောင်း သိရသည်။

# နယူးကာဆယ်အနေနဲ့ တန်းဆင်းဇုန်ဖိအားကြောင့် ဗီလာကို အနိုင်ရရှိအောင် ကစားသွားနိုင်မလား

ပရီမီယာလိဂ်ပွဲစဉ် (၂၈)အဖြစ် နယူးကာဆယ်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်ကို မတ် ၁၃ ရက် နံနက် ၂ နာရီခွဲတွင် နယူးကာဆယ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းက ချယ်ဆီး၊ မန်ယူအသင်းတို့ကို နှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး ပြီးခဲ့တဲ့ ဝုဖ်၊ ဝက်စ်ဘရွန်းအသင်းတို့နဲ့ပွဲစဉ်မှာလည်း သရေကျထားတာကြောင့် ခြေစွမ်းကောင်းမွန်မှုမရှိပါဘူး။ အမှတ်ပေးဇယားမှာ နယူးကာဆယ်အသင်းက ၂၇ ပွဲကစားပြီး ၂၇ မှတ်နဲ့ အဆင့် (၁၆) နေရာမှာ ရပ်တည်နေပါတယ်။ ထူးခြားမှုအနေနဲ့ နယူးကာဆယ်အသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ ၂၇ ပွဲကစားပြီး သွင်းဂိုး ၂၇ ဂိုးနဲ့ ရမှတ်ကလည်း ၂၇ မှတ်တူညီနေပါတယ်။

အက်စ်တွန်ဗီလာအသင်းရဲ့ ခြေစွမ်းက ပြီးခဲ့တဲ့ သုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကောင်းမွန်မှုမရှိပါဘူး။ အမှတ်ပေးဇယားမှာ အက်စ်တွန်ဗီလာအနေနဲ့ ၂၆ ပွဲ ကစားပြီး ရမှတ် ၄၀ နဲ့ အဆင့် (၉) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အဆိုပါ ၂၆ ပွဲမှာ ရဂိုးက ၃၈ ဂိုးရှိပြီး ပေးဂိုးက ၂၇ ဂိုးသာရှိတာကြောင့် နယူးကာဆယ်အသင်းထက် သာလွန်နေတာကို တွေ့ရတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ ဗီလာအိမ်ကွင်းမှာ ဗီလာက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပါတယ်။ အမှတ်ပေးဇယားရပ်တည်မှုအရ နယူးကာဆယ်အသင်းအနေနဲ့ တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်အသင်းနှင့် ရမှတ်ကွာဟမှုက တစ်မှတ်သာရှိတာကြောင့် ယနေ့ပွဲစဉ်ကို နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ ဗီလာအသင်းကလည်း အမှတ်ပေးဇယားအထက်ပိုင်းကို တက်လှမ်းနိုင်ဖို့အတွက် ယနေ့ပွဲစဉ်ကို အားစိုက်ကစားလာမှာပါ။ ယခုနှစ်ရာသီ အဝေးကွင်းစွမ်းဆောင်ရည်ကောင်းမွန်နေတဲ့ ဗီလာအသင်းကို တန်းဆင်းဇုန်ဖိအားရှိနေတဲ့ နယူးကာဆယ်အသင်း အနိုင်ရရှိသွားမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ဆောက်သမ်တန်ကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့ မန်စီးတီး



မန်စီးတီးကစားသမားများ ဆောက်သမ်တန်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၃၃) ၏ ပွဲကြိုအဖြစ် မန်စီးတီးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ကို မတ် ၁၁ ရက် နံနက်အစောပိုင်းက မန်စီးတီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းအတွက် ဂိုးများကို ဒီဘရိုင်း၊ မာရက်ဇ်၊ ဂန်ဒိုဂန်တို့က သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိမှုကြောင့် ပရီမီယာလိဂ် ၂၉ ပွဲကစားပြီး ၆၈ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။ ထို့အပြင် ဒုတိယနေရာမှ မြို့ခံပြိုင်ဘက် မန်ယူအသင်းကိုလည်း ၁၄ မှတ်အထိ ဖြတ်ထားနိုင်ပြီဖြစ်သည့်အတွက် ချန်ပီယံဖြစ်ခွင့်နှင့် နီးစပ်လာခဲ့ပြီဖြစ်သည်။ မန်စီးတီးအသင်းသည် မတ် ၁၄ ရက်တွင် ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆောက်သမ်တန်အသင်းက ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

■ အောင်ဇော် - စုစည်းသည်

## နောက်ဆုံးရ သတင်းတိုများ

- ဘာစီလိုနာအသင်းသည် ရာသီကုန်တွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သော အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယို အဂူရို (၃၂နှစ်) ကို စာချုပ်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ် ရာသီတွင် မန်စီးတီးအသင်းအတွက် ဒဏ်ရာကြောင့် ပွဲစဉ်အများအပြားကို လွဲချော်ခဲ့သူဖြစ်ပြီး လက်ရှိအချိန်အထိ ပရီမီယာလိဂ်တွင် ခြောက်ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသည်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာက အီတီဟတ်တွင် အဆိုပါကစားသမားကို နောက်ထပ်တစ်နှစ်ဆက်နေရန် ဆန္ဒရှိနေသည်။
- ချယ်ဆီးအသင်းသည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် လိုက်ပ်ဇစ်အသင်းမှ ခေါ်ယူထားသော တီမိုဝါနာကို ရောင်းထုတ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထား သည်။ ၎င်းသည် ချယ်ဆီးအသင်းအတွက် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၂၇ ပွဲ ပါဝင်ကစားထားပြီး ငါးဂိုးသွင်း၊ ငါးဂိုးဖန်တီးပေးထားနိုင်သည်။ ၎င်းသည် ပြီးခဲ့သည့် နွေရာသီတွင် ချယ်ဆီးသို့ ရောက်ရှိလာသူဖြစ်သည်။
- ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်နွေရာသီတွင် အသင်းမှ ပြင်သစ်ခံစစ်ကစားသမား ဗာရာနီကို ရောင်းထုတ်သွားဖွယ်ရှိနေကြောင်း သိရသည်။ အဆိုပါ အသက် (၂၇နှစ်) အရွယ်ရှိ ဗာရာနီသည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်းလည်း သိရသည်။ ဗာရာနီသည် ယခုနှစ်ရာသီ လာလီဂါ တွင် ၂၅ ပွဲ ပါဝင်ကစားခွင့်ရရှိထားသည်။
- လီဗာပူးအသင်းသည် ဆန်းတို့စ်အသင်းမှ အသက် (၁၆နှစ်) အရွယ် ဘရာဇီးတောင်ပံကစားသမား ဂါဘရီရယ်ကို ခေါ်ယူရန် ရည်ရွယ်ထားကြောင်း သိရသည်။

# ဆန္ဒပြသူလူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြသည့်အဆင့်မှ အကြမ်းဖက်အဖွဲ့အစည်း၏ လှုပ်ရှားမှုပုံသဏ္ဌာန်ကဲ့သို့ဖြစ်လာ



**နေပြည်တော် မတ် ၁၁**

နိုင်ငံတော် ဆန့်ကျင်ရေးဆောင်ရွက်နေကြသည့် ဆူပူဆန္ဒပြသူ လူစုလူဝေးများသည် မိမိတို့ လုပ်ဆောင်နေမှုများမှာ မည်သည့်အတွက် လုပ်ဆောင်နေကြသည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြသည်ကို ကွဲကွဲပြားပြား မသိရှိကြဘဲ လူငယ်ထုလမ်းပေါ် ရောက်ရှိစေရေး၊ နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရေး၊ ဆူပူလှုပ်ရှားမှုများကို နေ့စဉ်မပြတ်မနေ၊ မဖြစ်ဖြစ်အောင် လုပ်ဆောင်ရန်အတွက်ကိုသာ ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြသည့်အဆင့်မှ အကြမ်းဖက်ဖျက်ဆီးမှု၊ ရဲစခန်းများအား ဝင်ရောက်ဖျက်ဆီးရန် ကြံစည်မှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်များကို အကြမ်းဖက်လုယူရန် ကြိုးပမ်းမှုများဖြင့် အကြမ်းဖက်အဖွဲ့အစည်း၏ လှုပ်ရှားမှုပုံသဏ္ဌာန်ကဲ့သို့ ဖြစ်လာနေသည်ကို တွေ့ရှိရသည်။

နိုင်ငံအတွင်း ဆူပူဆန္ဒပြဆောင်ရွက်သူ လူစုလူဝေးများအနေဖြင့် နေပြည်တော်တွင် သာဝတ္ထိမြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကော့မှူး၊ ကွမ်းခြံကုန်း၊ ခရမ်း၊ သုံးခွ၊ စမ်းချောင်း၊ တွံတေး၊ လှိုင်သာယာ၊ အင်းစိန်၊ သာကေတ၊ လှိုင်၊ ရန်ကင်း၊ မရမ်းကုန်းနှင့် တာမွေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ပလိပ်၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ ကူမဲ၊ ပြင်ဦးလွင်၊ မိုးကုတ်နှင့် မလှိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် မြိုင်၊ သရက်၊ ကျောက်ထု၊ ပခုက္ကူ၊ အောင်လံ၊ မကွေးနှင့် ရေစကြိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေဦး၊ ခင်ဦး၊ ကျွန်းလှ၊ ဝက်လက်၊ မြောင်၊ ကောလင်း၊ တန့်ဆည်၊ ကန့်ဘလူနှင့် အုတ်သျှစ်ကန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးနှင့် ရွှေကျင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်နှင့် ဟင်္သာတမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်မြို့နယ်၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနားနှင့် မိုးညှင်းမြို့နယ်၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့နယ်၊ ကရင်ပြည်နယ်တွင် ဘုရားသုံးဆူမြို့နယ်၊ ချင်းပြည်နယ်တွင် မတူပီ၊ မင်းတပ်နှင့် ဟားခါးမြို့နယ်၊ မွန်ပြည်နယ်တွင် ကျိုက်မရောမြို့၊ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ ဖယ်ခုံ၊ ရွှေညောင်၊ အောင်ပန်းနှင့် မူဆယ်မြို့နှင့် အစရှိသောနေရာဒေသများတွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ ဖြိုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရပြီး အမျိုးသား ၁၅၅ ဦး၊ အမျိုးသမီး ၂၅ ဦး၊ စုစုပေါင်း ၁၈၀ တို့ကို ဖမ်းဆီး ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့နှင့် ထိပ်တိုက်တွေ့ဆုံနေကြသည့် ဆူပူအကြမ်းဖက်သူ လူစုလူဝေး၏ ဆောင်ရွက်မှုပုံသဏ္ဌာန်အပေါ်မူတည်၍ မလွှဲမရှောင်သာဆောင်ရွက်မှုများအရ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းများ ကြုံတွေ့နေရမည်ဖြစ်သည်။ ကြိုးကိုင်ခြယ်လှယ်လျက်ရှိသော ဦးဆောင်သူများအနေဖြင့် အန္တရာယ်ကင်းဝေးသည့် ပုန်းခိုရာနေရာများမှ အမိန့်ပေးဆောင်ရွက်နေရာတွင် ယခုကဲ့သို့ ထိခိုက်ဒဏ်ရာရ သေဆုံးမှုဖြစ်စဉ် ဖြစ်ရသူများ၏ မိဘဆွေမျိုးများအနေဖြင့် စိတ်မကောင်းကြေကွဲမှု ဖြစ်ရသည့် အခြေအနေသာ တွေ့ကြုံနေရမည်ဖြစ်သဖြင့် မိဘဆွေမျိုးများအနေဖြင့် ရပ်ရွာအတွင်း တတ်အားသရွေ့ ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

# ညောင်တုန်းမြို့နယ်၌ ဆူပူအကြမ်းဖက်လိုသူ အမျိုးသားတစ်ဦးက မော်တော်ယာဉ်တစ်စီးအား ဓာတ်ဆီဘူးဖြင့် ပစ်ပေါက်မီးရှို့

**နေပြည်တော် မတ် ၁၁**

၂၀၂၁ ခုနှစ် မတ် ၁၀ ရက် ည ၈ နာရီခန့်တွင် ညောင်တုန်းမြို့ (၃)ရပ်ကွက် အိုးအိမ်ဝန်ထမ်းအိမ်ရာ တိုက်ခန်းရှေ့၌ ရပ်ထားသော တရားရေးအရာရှိတစ်ဦး၏မော်တော်ယာဉ်အား ဆူပူအကြမ်းဖက်လိုသူ အမျိုးသားတစ်ဦးက ဓာတ်ဆီဘူးဖြင့် ပစ်ပေါက်မီးရှို့ ထွက်ပြေးခဲ့သဖြင့် မီးလောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်တုန်းမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အမှုဖွင့်စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖော်ပြပါ ဖြစ်စဉ်သည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေသော ကျူးလွန်မှုဖြစ်ပါသည်။ အကြမ်းဖက်ဆောင်ရွက်လိုသူ မသမာသူအချို့သည် ဥပဒေဘောင်အတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ပြည်သူလူထုများနှင့် နိုင်ငံ့ဝန်ထမ်းများအား ထိတ်လန့်စိုးရွံ့စေရန် အဖျက်အမှောင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ တာဝန်သိ ပြည်သူများအနေဖြင့် မိမိတို့၏ပတ်ဝန်းကျင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဥပဒေမဲ့၊ မင်းမဲ့စရိုက်ဆန်စွာ ကျူးလွန်နေကြသူများကို ဥပဒေနှင့်အညီ ကြိုတင်တားဆီး ထိန်းသိမ်းနိုင်ရေးနှင့် ဖော်ထုတ်ဖမ်းဆီးရမိရေးတို့အတွက် ကူညီသတင်းပေးဆောင်ရွက်နိုင်ကြပါရန် အသိပေးအပ်ပါသည်။

သတင်းစဉ်






# မြိုင်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများက မြို့မရဲစခန်းအား အကြမ်းဖက်ဝင်ရောက်စီးနင်းသဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲ

**နေပြည်တော် မတ် ၁၁**

၂၀၂၁ ခုနှစ်၊ မတ် ၁၁ ရက် နံနက် ၉ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သုခမြိုင်ဘုန်းတော်ကြီးကျောင်းရှေ့၌ ဆူပူဆန္ဒပြသူ အင်အား ၅၀ ဦးခန့်သည် နိုင်ငံတော်ဆန့်ကျင်ရေး ကြွေးကြော်သံများအား စုဝေးအော်ဟစ်နေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လူစုခွဲရန် ဥပဒေနှင့်အညီ အကြိမ်ကြိမ်သတိပေးခဲ့သော်လည်း လူစုခွဲခြင်းမရှိဘဲ ဆက်လက်ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရာ လူစုကွဲသွားခဲ့ပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

နံနက် ၁၀ နာရီကျော်ခန့်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူ အင်အား ၂၅၀ ဦး ကျော်ခန့်သည် မြိုင်မြို့မရဲစခန်းရှေ့သို့ စုဝေးရောက်ရှိလာပြီး ဖမ်းဆီးထားသော တရားခံများအား လုယူရန်အတွက် ရဲစခန်းနှင့်တပ်ဖွဲ့ဝင်များအား ကျောက်ခဲ၊ ကုန်းသီး၊ လေးခွများဖြင့် ပစ်ပေါက်ကာ ရဲစခန်းတံခါးများအား ချိုးဖဲ့ခြင်း၊ စခန်းရုံးအဆောက်အအုံအားဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များဖြင့် ရဲစခန်းအတွင်းသို့ အကြမ်းဖက်စီးနင်း ဝင်ရောက်လာသောကြောင့် ရဲစခန်းအတွင်း တပ်ဖွဲ့ဝင်အင်အား ၂၀ ဦးခန့်သာ ရှိသဖြင့် ရဲစခန်းလုံခြုံရေး၊ တရားခံများ လုယက်မခံရစေရေးနှင့် လက်နက်ခဲယမ်းများ ပါဆုံးမှု မရှိစေရေးတို့အတွက် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် အနီးကပ်ပစ်ခတ်တားဆီးခဲ့ရာ အကြမ်းဖက်စီးနင်းဝင်ရောက်လာသူများထဲမှ ၆ ဦးခန့် ဦးခေါင်းနှင့် ကိုယ်ခန္ဓာတို့၌ ဒဏ်ရာအသီးသီးရရှိကာ လူစုကွဲပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။

ဖြစ်စဉ်တွင် ဆူပူသူများ စီးနင်းဝင်ရောက်အကြမ်းဖက်မှုကြောင့် မြိုင်မြို့မရဲစခန်းမှ ရဲတပ်သား ဇွဲမင်းခန့်တွင် အပေါ်နှုတ်ခမ်းကွဲ၊ ရဲတပ်သား စောမနားကီးတွင် ယာမျက်ခုံးကွဲ၊ ရဲတပ်သား ကျော်သီဟတွင် နဖူးပေါက်ပြဲဒဏ်ရာများ အသီးသီးရရှိခဲ့သည့်အပြင် ရဲစခန်းဝင်းနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ဆူပူအကြမ်းဖက်သူများအနေဖြင့် မင်းမဲ့စရိုက်ဆန်သော လူအုပ်စုအသွင် Anarchy Mob မှ လက်နက်ကိုင်အကြမ်းဖက်ရန် ကြိုးစားသည့်ပုံစံဖြင့် ရပ်ရွာလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသော ရဲစခန်းအား စီးနင်းသိမ်းပိုက်ရန် ကြိုးစားလာမှုကြောင့် မလွှဲမရှောင်သာ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်တို့ဖြင့် အနီးကပ် ပစ်ခတ်တားဆီးခဲ့ရကြောင်းနှင့် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမှုဖွင့် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၉**

ဒေါ်ခိုင်ခိုင်စိုး(ခ)မိန်းယုချောင် **နှင့်** ဦးအောင်အောင်(ခ)ဦးမိန်းဖရီ
**တရားလို** **တရားပြိုင်**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅)၊ ကလပ်လမ်း၊ အမှတ်(၃)နေ တရားပြိုင် ဦးအောင်အောင်(ခ)ဦးမိန်းဖရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခိုင်ခိုင်စိုး(ခ)မိန်းယုချောင်က မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက် (၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နွယ်နွယ်စိုး)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးကျော်လွင်(ကန်တော်မင်-စက်ချုပ်ဆိုင်)
## အသက် (၉၀)

မိတ္ထီလာမြို့၊ အောင်ဇေယျာ (၁၆)ရပ်ကွက်၊ အောင်သုခလမ်းနေ ဒေါ်မှီ၏ခင်ပွန်း၊ ဦးစိုးလွင်-ဒေါ်မွေးမွေး၊ (ဦးနေဝင်း)-ဒေါ်တင်တင်၊ ဦးစိုးဝင်း-ဒေါ်ငွေငွေ၊ ဦးသန်းဝင်း-ဒေါ်အေးနွယ်ဝင်း၊ ဦးသန်းထွန်း(Managing Director, Top Ten Star Production Co.,Ltd.)-ဒေါ်ခင်မြတ်မွန်၊ ဦးကိုကိုလွင်-ဒေါ်အောင်ကြည်၊ ဦးညီညီလွင်၊ ဦးနိုင်ဝင်း-ဒေါ်ခင်ခင်အေး၊ ဦးသောင်းထိုက်မင်း (Vice Chairman, Jewellery Luck Group Of Companies)-ဒေါ်လွင်လွင်မော်၊ ဦးတင်ထွေး-ဒေါ်ဥမ္မာလွင်၊ ဦးမင်းမျိုးသန့် (Executive Director, Jewellery Luck Group Of Companies)-ဒေါ်အိရွှေဇင်တို့၏ဖခင်၊ မြေး ၂၈ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘိုးသည် ၁၁-၃-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၉:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၁ရက် (သောကြာနေ့) ညနေ ၃နာရီတွင် နေအိမ်မှ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိသားစုဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများအား အသိပေးဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးကျော်လွင်(ကန်တော်မင်-စက်ချုပ်ဆိုင်)
## အသက်(၉၀)

မိတ္ထီလာမြို့၊ အောင်ဇေယျာ(၁၆)ရပ်ကွက်၊ အောင်သုခလမ်းနေ ဒေါ်မှီ၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသန်းထွန်း(Managing Director, Top Ten Star Production Co.,Ltd)-ဒေါ်ခင်မြတ်မွန်၊ ဦးသောင်းထိုက်မင်း (Vice Chairman, Jewellery Lucky Group Of Companies)-ဒေါ်လွင်လွင်မော်၊ ဦးမင်းမျိုးသန့် (Executive Director, Jewellery Luck Group Of Companies)-ဒေါ်အိရွှေဇင်တို့အပါအဝင် သားသမီး(၁၁)ဦးတို့၏ ချစ်လှစွာသောဖခင် အလှူ့ဒါယကာကြီး ဦးကျော်လွင်(ကန်တော်မင်-စက်ချုပ်ဆိုင်) သည် ၁၁-၃-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက်၉:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်စိန်(Chairman)-ဒေါ်အကြူနှင့်**
**Jewellery Luck Group Of Companies မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး တင်မွန်သန်း(ငြိမ်း)
### OTS(၂၁)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ တိုက်(၄၀)D-5 နေ ဒုတိယဗိုလ်မှူးကြီး တင်မွန်သန်း (ငြိမ်း) သည် ၁၁-၃-၂၀၂၁ရက် နံနက် ၇:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တာဝန်အတူထမ်းဆောင်ခဲ့ကြသော**
**ခလရ(၄၇)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ ဗန်းမော်မြို့**

### ဒေါ်တင်တင်နု
### အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)လမ်း၊ အမှတ် (၂၄)၊ သုံးလွှာနေ (ဦးကျင်ဟုတ်-ဒေါ်တန်ကင်ဟွန်း)တို့၏သမီး၊ (ဦးပေါ်တိတ်-ဒေါ်ရွှေယုန်)တို့၏သမီးချွေးမ၊ ဦးတင်ရွှေ၏ချစ်လှစွာသောဇနီး၊ ဦးသာမောင်-ဒေါ်မြမြအေး၊ ဦးဇော်မျိုးနိုင်တို့၏မိခင်ကြီး၊ မမြထက်ထက်နု၊ မောင်အောင်ကျော်ကျော်သန်းတို့၏ချစ်လှစွာသောအဘွားသည် ၉-၃-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၇:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌ အိပ်ပျော်ခြင်း
### Pa Pum En Thang
### Kawngte-Yangon
### အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ယုဇနဥယျာဉ်မြို့တော်)နေ (Lt.Col.Put Paa B.G.M+Nu Niang Za Vung)တို့၏သား၊ Nu Cing Khan Niang (လ/ထကထိက၊ ငြိမ်း)-Pa Kham Zen, (Nu Niang Khua Hau)-Pa G. Thang Khan Mung, (Pa Cin Sian Mang)-Nu Ciin Ngaih Lun, (Pa Cin Uk), Nu Len Lun Niang-(U Hla Nyunt) တို့၏ညီ၊ မောင်၊ Nu Vung Sian Hong-Pa Song Thawn Mang, Tg.Paa Van Mung (USA) တို့၏ဖခင်၊ Nu Man Hau Ciin ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၃-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၆:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၃-၂၀၂၁ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

နေအိမ်မှကားများ-ယုဇနေ(ပိတောက်ကွေ့မှတ်တိုင်)၊ ကနောင်ကွေ့မှတ်တိုင်၊ မြို့တွင်း (ပန်းဆိုးတန်းတံတားအောက်၊ Ruby Mart အနီး)နှင့် TBC-Y ဘုရားကျောင်းတို့မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ် မှ မြေရေိယာ(၀ဒသမ၁၄၆)ကေရှိ မြေကွက်အမှတ်(ပ-၁၈၈၄)၊ ဦးမြင့်ဟန် ၁၄/ပသန (နိုင်) ၀၅၄၉၄၈ (ဘ)ဦးတင်မောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်တင်တင်ဝေ ၇/ရတရ(နိုင်) ၀၀၅၉၆၆ (ဘ) ဦးခင်မောင်ကျော်မှ ရန်ကုန်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲ စာအမှတ် (၁၈၄၀/၂၀၂၁)တင်ပြ၍ ဒေါ်ခင်စိမ်းလဲ့ ၇/ရတရ(နိုင်) ၀၀၁၆၄၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့် ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ မလစ်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမည် (မလစ်ကွင်း)၊ ကွင်းအမှတ်(၄၈၃-ခ)၊ ဦးပိုင်အမှတ်(၂၃စ)၊ ဧရိယာ(၅ဒသမ၂၅)ကေရှိ ဦးဌေးကျော် ၁၂/လကန(နိုင်) ၂၁၆၀၅၅ အမည်ပေါက် ပုံစံ(၇)ထွက်ရှိပြီးမြေကွက်၊ ၎င်းမြေကွက်နှင့်ဆက်စပ်နေသော လယ်ယာမြေ ပုံစံ(၇) လျှောက်ထားဆဲ ဧရိယာ(၀ဒသမ၂၇)ကေရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဖြစ်သူ ဦးဌေးကျော် ၁၂/လကန(နိုင်) ၂၁၆၀၅၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါ က ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ညိုမာ (စဉ်-၃၅၇၇၆)**
**LL.B အထက်တန်းရှေ့နေ**
**အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈**

### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ်(ပ-၂၁၉)၊ ဒေါ်စိန်ညွှန့် (ဘ) ဦးဘို ၉/ပမန(နိုင်)၀၅၂၃၁၅ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်ဘိုဘို (ဘ)ဦးရဲစိန် ၁၀/ကမရ(နိုင်) ၀၈၀၂၈၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရား ရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ (၀ဒသမ၁၃၃)ကေအနက်မှ ဧရိယာ(၀ဒသမ၀၇၀)ကေအား ဦးသူရဇော်ဇော်(ဘ)ဦးညွှန့်ဆွေ ၉/တကန(နိုင်) ၁၁၇၈၃၂မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၃၅၅/၂၀၂၁)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်း အင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက် မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်း နှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရခိုင်ပြည်နယ်၊ကျောက်ဖြူခရိုင်၊ အမ်းမြို့တွင် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၆၀'x၅၀') RC (၁)ထပ် တည်ဆောက်ခြင်းလုပ်ငန်းကို ပုတ်ပြတ်(Turn Key) စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင် ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ တယ်လီဖုန်း အမှတ်-၀၉-၅၆၈၀၆၃၅၊ ၀၉-၂၅၀၀၈၈၁၄၀၊ ၀၄၃-၂၀၂၂၅၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံကို ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် အောက်ပါ အစီအစဉ်အတိုင်း ဝယ်ယူနိုင် ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - ၁၂-၃-၂၀၂၁ရက် |
| (ခ) | တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက် | - ၉-၄-၂၀၂၁ရက်၁၅:၀၀နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် | - ၁၂-၄-၂၀၂၁ရက် ၁၅:၀၀ နာရီ |
| (ဃ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ | - ကမ်းနားလမ်းနှင့် အကောက်ရုံလမ်းထောင့်၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့။ |

### ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

ကောလင်းမြို့နယ်၊ ပေတပင်ကျေးရွာနေ ကျွန်မ မသက်သက်မွန် ၅/ကလတ(နိုင်) ၀၉၁၅၁၇နှင့် မောင်ထိန်လင်းအောင် ၁၄/ရကန(နိုင်) ၁၀၃၆၄၃တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မသက်သက်မွန် ၅/ကလတ(နိုင်) ၀၉၁၅၁၇**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၃၇၈)၊ မြေဧရိယာ(၀ဒသမ၁၄၆)ကေရှိ ဦးအောင်လင်းထွဋ်(ဘ)ဦးသိန်းအောင် ၁၂/လမန(နိုင်) ၁၃၀၁၀၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးသိုက်ထွန်းညွှန့်(ဘ)ဦးအောင်ခင်ညွှန့် ၇/ပမန(နိုင်) ၀၀၂၃၄မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံ တင်ရုံး၏အထူး ကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၀၄/၂၀၁၇(၁၇-၁၁-၂၀၁၇)မူရင်းတင်ပြ၍ ဒေါ်ဆွေဇင်သိမ့်သိမ့်ဌေး(ဘ)ဦးအုန်းဌေး ၈/မသန(နိုင်) ၀၅၈၇၃၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေ၊ မြေကွက်အမှတ်(ဥ-၇၄၄၇)၊ ဦးမျိုးချစ်(ဘ)ဦးမြင့်လှိုင် ၉/ပမန(နိုင်) ၂၂၇၉၈၁ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးကျော်ဝဏ္ဏထွန်း (ဘ) ဦးကြည်ညွှန့် ၁၂/အစန(နိုင်)၁၈၀၈၂၃မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန် နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာ ချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့၊ အလက(ခွဲ-ဈေးတန်း)မှ မူလတန်းပြဆရာမ နန်းစံဟွမ်၏ဖခင် ဦးစိုင်းငွေခိုင် (ခ) ဦးငွေခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အများသိစေရန် ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၅/၂-၆)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ ၀ဒသမ၁၈၄ကေရှိမြေကွက်သည် မူလကဒေါ်လုဘူအမည်ဖြင့် ၃၀-၆-၂၀၂၀ရက်ထိ နှစ် ၃၀ ဂရန်ရရှိခဲ့ပြီး မြေငှားဂရန်အမည် ပေါက်သူမှ သမီးများဖြစ်ကြသည့် ဒေါ်ထွယ်ပန်နိုး(ခ) မနိုးဝမ်နှင့် ဒေါ်ဆိုင်းဆန့်နိုး(ခ)နိုးဝင်းတို့ နှစ်ဦးအား တရားဝင်မေတ္တာဖြင့် ပေးကမ်းခဲ့ပါသည်။ ယခုအခါ ဒေါ်ထွယ်ပန်နိုး(ခ) မနိုးဝမ်ပါ (၂)ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ယခုကာလအတွင်း မိမိကိုယ်တိုင်နှင့် မိသားစုကြောင့် မိမိအဖွဲ့အစည်း၏ ပုံရိပ်များ ပျက်ယွင်းကျဆင်းမှုမရှိစေရေး လိုက်နာစောင့်ထိန်း






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောတပ်နယ်နှင့် အောင်ပန်းတပ်နယ်မှ အရာရှိ/စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ရှိ တပ်နယ်ခန်းမ၌ ကလောတပ်နယ်နှင့် အောင်ပန်းတပ်နယ်မှ အရာရှိ/စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်၊ ကလောတပ်နယ်နှင့် အောင်ပန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအကြိုကာလ ပါတီများမဲဆွယ်စည်းရုံးမှု အခြေအနေ၊ ရွေးကောက်ပွဲအခြေအနေ၊ *စာမျက်နှာ ၄ ကော်လံ ၁* ❄

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက လက်ရှိနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖေဖော်ဝါရီလ တစ်လတာအတွင်း နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းစွာဆန္ဒပြမှုအသွင်မှ အကြမ်းဖက် ဆူပူမှုအသွင်(Riot)၊ ၎င်းမှ မင်းမဲ့စရိုက် ဆန်သောလူအုပ်စု (Anarchy Mob) အသွင်သို့ *စာမျက်နှာ ၈ ကော်လံ ၁* ❄



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။ သတင်းစဉ်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်** စာ » ၁၀

**အင်္ဂလန်အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်က ယခင် ကိုဗစ် - ၁၉ ထက် ၆၄ ရာခိုင်နှုန်း ပိုမိုသေဆုံးစေနိုင်ကြောင်း လေ့လာမှုတစ်ခုတွေ့ရှိ** စာ » ၁၃